# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၅၃)၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ၂၅-၁၁-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

သတင်းစဉ်

## မန္တလေး၊ မြို့မအသင်းကြီး၏ ရာပြည့်သဘင်ပွဲတော်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



မန္တလေး နိုဝင်ဘာ ၂၄

မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ ရာပြည့်သဘင်ပွဲတော်ကို ၇၈ လမ်း၊ ၃၈ လမ်းထောင့်ရှိ ရတနာပုံခန်းမတွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အခမ်းအနားတွင် မြို့မအသင်းကြီး၏ တေးသီချင်းများကို သီဆိုယှဉ်ပြိုင်သော အဆိုပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ အကပဒေသာများနှင့် တေးဂီတ ဖျော်ဖြေခြင်းအစီအစဉ်များ ပါဝင်မည် ဟုဆိုသည်။

"ဒီနှစ်မှာ မြို့မအသင်းကြီးက နှစ်တစ်ရာပြည့်ခဲ့ပြီဖြစ်လို့ ရာပြည့်သဘင်ပွဲကို ခမ်းခမ်းနားနား စည်စည်ကားကားနဲ့ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဖွင့်ပွဲမှာ တေးချစ်သူ ဆရာခင်မောင်သန်း ရေးသားစပ်ဆိုတဲ့ အဖွင့်သီချင်းနဲ့ စတင်မှာဖြစ်ပါတယ်။ မြို့မအသင်းကြီးရဲ့ ရွှေရတု၊ စိန်ရတုသဘင်တွေ ကျင်းပခဲ့သလို ဒီနှစ်မှာ ရာပြည့်သဘင်ပွဲတော်ကြီး ကျင်းပတာဖြစ်ပါတယ်" ဟု မြို့မအသင်းဥက္ကဋ္ဌ ဒေါက်တာ လှခိုင်က ပြောသည်။

မြို့မအသင်းကြီးသည် မန္တလေးမြို့တွင် ဂီတဝါသနာရှင်များနှင့် စတင်ဖွဲ့စည်းခဲ့ပြီး အစပထမတွင် ရတနာပုံဗုဒ္ဓဝေယျာဝစ္စအသင်း အမည်ဖြင့် အလှူပွဲ၊ ဘာသာရေးပွဲများတွင် အခမဲ့ဖျော်ဖြေခဲ့ကြကြောင်း၊ ၁၉၂၅ ခုနှစ်တွင် မြို့မအပျော်တမ်းတူရိယာအသင်း ဟု အမည်ပြောင်းလဲခဲ့ကြောင်း သိရသည်။

မြို့မအသင်းကြီး၏ ဂန္ထဝင်မြောက်တေးသီချင်းများ သကြ်န်သီချင်းများသည် ယနေ့အထိ နှစ်ပေါင်း ၁၀၀ တိုင်တိုင် ကျော်ကြားနေခြင်းမှာ မြို့မအသင်းကြီးမှ တေးပြုစာဆိုများ၏ ဂန္ထဝင်မြောက်တေးသီချင်းများနှင့်အသင်းဝင်များ၏ စည်းလုံးညီညွတ်မှုများကြောင့် ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၄


**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**



၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့။

မန္တလေး

# ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ်များစွာလိုအပ်သဖြင့် မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မအူပင်ဒေသသည် ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသည့်နေရာတွင် တည်ရှိပါကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)အား ၂၀၂၁ ခုနှစ်ခန့်ကတည်းက ဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသော်လည်း ထင်သလောက်အောင်မြင်မှုမရရှိခဲ့ကြောင်း၊ အများစုမှာ ကျေးလက်တွင်နေထိုင်ကြသူများဖြစ်ပြီး ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရန် စိန်ခေါ်မှုများရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အချိုးညီညီတိုးတက်စေရေး၊ တက္ကသိုလ်များကို ဖွင့်လှစ်ထားသော်လည်း အချို့ပြည်နယ်များတွင် ကျောင်းသား၊ ကျောင်းသူတက်ရောက်မှုနည်းပါးနေကြောင်း၊ ထို့ကြောင့် ပိုလီတက်ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် တိုးချွဲဝါခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးရာ၌ ပြောကြားခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့်ပညာရပ်များကို သင်ကြားနိုင်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးလာခြင်းကြောင့် တက္ကသိုလ်သို့ တက်ရောက်သင်ကြားသူများ နည်းပါးလာခြင်းဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များစေရေး မအူပင်ခရိုင်အနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ စပါးကျီတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများထွက်ရှိမှုသည် ထိုက်သင့်သည့် အထွက်နှုန်းဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မည်သို့ဆောင်ရွက်၍ရမည်ကို စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြည်ပသို့တင်ပို့နိုင်ရေး ပိုမိုတိုးတက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျ စမ်းသပ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစိုက်ပျိုး၍ရသည့်ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးကိုသာမက အခြားသီးနှံများကိုလည်း အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာတတ်များနှင့် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်း လေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်များရရှိရမည်၊ မြေအခြေအနေကောင်းမွန်ရမည်၊ ရေလုံလောက်စွာ ရရှိရမည်၊ နည်းစနစ်တကျဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရမည်ဖြစ်ကာ တောင်သူတစ်ဦးချင်းကိုလည်း စိုက်ပျိုးရေး အသိပညာပေးခြင်းကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးနည်းပညာတက္ကသိုလ်(MTU)တွင် ပထမနှစ်စတင်တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူများအား နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် ကျောင်းသား၊ ကျောင်းသူများအား ယနေ့မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မန္တလေးနည်းပညာတက္ကသိုလ် (MTU)၏ ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ အေးအေးမူနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ပါမောက္ခဌာနမှူးများမှ မောင်မယ်သစ်လွင်များအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ခွန်းဆက် အားပေးစကားများပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အေးအေးမူက မန္တလေးနည်းပညာတက္ကသိုလ် (MTU)သို့ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုသာမက အေးချမ်းစွာနေထိုင်နိုင်ရန်အတွက်လည်း အဆောင်များအား သန့်ရှင်း သပ်ရပ်စွာ စီစဉ်ပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စည်းကမ်းရှိ၍ လွတ်လပ်ပျော်ရွှင်စွာ ပညာဆည်းပူးသွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ယနေ့ထိ ကျောင်းအပ်နှံပြီး ၂၅၀ ဦးရှိကာ ကျောင်းအပ်နှံမှုများကိုလည်း ဆက်လက်လက်ခံလျက်ရှိသည်။

အဆိုပါတက္ကသိုလ်တွင် ဘွဲ့ကြို၊ ဘွဲ့လွန် အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းများအတွက် မြို့ပြအင်ဂျင်နီယာ၊ ဗိသုကာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ၊ မက္ကာထရောနစ်အင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာ၊ နျူကလီးယားနည်းပညာအင်ဂျင်နီယာ၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ဇီဝနည်းပညာစသည့် စုစုပေါင်း မေဂျာ ၁၂ ခုဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(ဝဇ၅)

ဝ-ဝ-ဝ-ဝ-ဝ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၁၉လမ်း၊ ၈၉ လမ်းနှင့် လမ်း၉၀ကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၄လမ်း ၄၅ လမ်းနှင့် ၄၆လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၂၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉ လမ်းနှင့် လမ်း၆၀ကြားတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉လမ်းနှင့် လမ်း၆၀ထောင့်၊ ဘောလုံးကွင်းရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅ လမ်းနှင့် ၇၆လမ်းကြားတွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ




## မိုးနေကြာ ၄၂၀၂ ဧကစိုက်ပျိုးနိုင်ပြီး တစ်ဧက ၁၅ တင်းကျော် ထွက်ရှိ

**မိတ္ထီလာ နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးနေကြာစိုက်ပျိုးဧက ၄၂၀၂ ဧကစိုက်ပျိုးနိုင်ပြီး မိုးနေကြာများ စတင်ရိတ်သိမ်းရာ တစ်ဧက ၁၅ တင်းကျော် ထွက်ရှိသည်။

မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် မိုးနေကြာစိုက်ပျိုးရာ စိုက်ပျိုးဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၂၀၂၅-၂၀၂၆ ခုနှစ် မိတ္ထီလာခရိုင်တွင် မိုးနေကြာစိုက်ပျိုးဧက ၄၂၀၂ ကျော် သတ်မှတ်လျာထားပြီး စိုက်ပျိုးရာ မိတ္ထီလာမြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၁၉၅၄ ဧက၊ မလှိုင်မြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၄၂၇ ဧက၊ သာစည်မြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၁၅၇၉ ဧကနှင့် မလှိုင်မြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၂၄၂ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

မိတ္ထီလာခရိုင်တွင် ၂၀၂၅-၂၀၂၆ခုနှစ်တွင် မိုးနေကြာ စုစုပေါင်း ၄၂၀၂ ဧကစိုက်ပျိုးခဲ့ပြီး ၄င်းမိုးနေကြာ စိုက်ပျိုးဧကများ စတင်ရိတ်သိမ်းပြီဖြစ်ရာ တစ်ဧက မိုးနေကြာ ၁၅ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

(၄၆၉)

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲ တောင်ကြီးမြို့၌ ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၄

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးမြို့ရှိ တောင်ကြီးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော MRTV-4 မှ ရိုက်ကူး/ ထုတ်လုပ်သည့် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများမှ နာမည်ရအနုပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက "လှမ်းခဲ့တော့လေ ချယ်ရီမြေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။



ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ထုတ်လုပ်သည့် "ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်"နှင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip တို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် သတင်းတု၊ သတင်းမှားများ အန္တရာယ်ကို အထူးဂရုပြုချင့်ချိန်ဆောင်ရွက်ကြရန်နှင့် သတင်းမှန်ပြန်ကြားမှုများကို ကြည့်ရှုနားဆင်ပြီး အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်အစိုးရက အနာဂတ်အတွက် လူငယ်များကို အလေးထား တန်ဖိုးထားပါကြောင်းနှင့် ပညာရေးကို အထူးအားပေးဆောင်ရွက်နေပါကြောင်း၊ မကြာမီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်ရာ အသက် ၁၈ နှစ်ပြည့်ပြီးသူ ဆန္ဒမဲပေးရန် သင့်လျော်ကိုက်ညီသူများအနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့်သူများကို ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒပြုမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦးချင်းစီ၏ တာဝန်ကျေပွန်အောင် ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်းအစုံ ၅၀ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် တရားသူကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာကြသူများအား မဲဖောက်၍ ပေးအပ်ကြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အဆိုပါ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# Naypyitaw State Polytechnic University (NSPU)၌ သိပ္ပံပွဲတော်(၂၀၂၅) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM"နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ သိပ္ပံပွဲတော် (၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University (NSPU) ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှင့် ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်က ကျင်းပခဲ့သည့် သိပ္ပံပွဲတော်များ၏ မှတ်တမ်းဗီဒီယိုများကို ပြသ၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားကာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. I.K. Azizov က ဂုဏ်ပြုအမှာစကား ပြောကြားပြီး NSPU နှင့် ရမည်းသင်း နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စားလှယ်များက အနုပညာပြပွဲ(Splitting Color) ဆုရရှိသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်ကြကာ ကျောင်းသား လူငယ်များ၏ပန်းချီပြပွဲနှင့် Project Shows ပြုလုပ်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သိပ္ပံပွဲတော်ကို Naypyitaw State Polytechnic University (NSPU)၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပ၍ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် နျူကလီးယားဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများကို ကျင်းပကာ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် Oliver Stone "Nuclear Now" မှတ်တမ်းရုပ်ရှင်နှင့် "ATOM Egypt ENG Master" နှင့် "The City Falls Asleep" မှတ်တမ်းရုပ်ရှင်တို့များ ပြသခြင်း၊ "Nuclear Technology in Everyday Life" ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးခြင်းနှင့် နျူကလီးယားဆိုင်ရာ အသိပညာများ မျှဝေခြင်းများ ပါဝင်မည်ဖြစ်သည်။

ယခုလို သိပ္ပံပွဲတော်ကျင်းပခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် လူငယ် ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာ အသိအမြင်များ၊ အတွေ့အကြုံ ဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများ လေ့လာစူးစမ်းလိုစိတ် ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာအသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၃၃ ရက် သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၄

သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများသည် Virtual စနစ်ဖြင့် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ တက်ရောက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စက်ရုံမှူးနှင့် အရာထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် "သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်း" ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စက်ရုံစက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် စက်ပိုင်းဆိုင်ရာပြင်ဆင်မှုများအပြင် လူ့စွမ်းအားအရင်းအမြစ်များကို အချိန်နှင့်တစ်ပြေးညီ လေ့ကျင့်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ သံရည်ကျိုခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများ၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနည်းလမ်းများနှင့် အရည်အသွေးထိန်းချုပ်ရေးနည်းစနစ်တို့ကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန် တိုက်တွန်းပါကြောင်း၊ သင်တန်းမှရရှိလာသည့် နည်းပညာများကို မိမိတို့၏စက်ရုံ၊ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျထိရောက်စွာ အသုံးချခြင်းဖြင့် စက်ရုံ၏စွမ်းဆောင်ရည်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ တိုးတက်မှုသည် စက်ရုံ၏တိုးတက်မှုဖြစ်သလို ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်ရန် စီမံဆောင်ရွက်ခဲ့ရမှုတို့ကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)မှ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် Novotel Hotel ၌ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အကြိမ်(၃၀) မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် ညစာစားပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ အကြံပေးပုဂ္ဂိုလ်များ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ၂၀၂၅ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ စက်မှုလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်၍ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

သတင်းစဉ်

## တရုတ်-အာဆီယံ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့ရှိ China-ASEAN Legal Research Center ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၁ ရက်၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ (China-ASEAN Legal Cooperation Forum) သို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် Chongqing Yuzhou Hotel ရှိ Changjiang Hall ၌ ကျင်းပရာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဌာနကြီးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးနှင့်ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး၊ တရုတ်နိုင်ငံ ဥပဒေရေးရာ အဖွဲ့အစည်း၏ အတွင်းရေးမှူး Mr. Chen Wenqing၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဌာနကြီး အဖွဲ့ဝင်၊ ချုံချင့်မြို့ မြူနီစပယ် ကော်မတီ၏ အတွင်းရေးမှူး Mr. Yuan Jiajun၊ အာဆီယံနိုင်ငံများမှ ဥပဒေနှင့် တရားရေးရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးချုပ်များ၊ တရားသူကြီးချုပ်များ၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်း နိုင်ငံရေးသိပ္ပံနှင့် ဥပဒေတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ကျောင်းသားကျောင်းသူများ၊ တရုတ်-အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာမှ အထွေထွေ အတွင်းရေးမှူးချုပ် Professor Zhang Xiao Junနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံမှ ဥပဒေပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက တရုတ်-အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှုအဖြစ် ဥပဒေသုတေသန လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် နှစ်နိုင်ငံအကြား လက်တွဲညီညီ အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အာဆီယံနိုင်ငံများနှင့်လည်း ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း၊ တရုတ်-အာဆီယံ ဥပဒေရေးရာသုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများဖြင့် ချစ်ကြည်ရင်းနှီးမှုအခွန့်ရှည်စွာ တည်ဆောက်ပြီး ဥပဒေရေးရာဆန်းစစ်မှု၊ ပြန်လည်သုံးသပ်မှု၊ လက်တွေ့အကောင်အထည်ဖော်မှုများ၊ ပညာတော်သင်များစေလွှတ်မှု၊ ဥပဒေရေးရာ သင်တန်းများ ပို့ချမှုတို့ကို နားလည်မှု စာချွန်လွှာနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် China Law Society မှ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Yin Baohu ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး တရုတ်-အာဆီယံဥပဒေရေးရာ သုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။**

# လျှောက်ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ရုရှားနိုင်ငံ၊ လူထုကာကွယ်ရေး၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဝန်ကြီးဌာန(EMERCOM)မှ ချီးမြှင့်သည့် ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ငလျှင်ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ရုရှားနိုင်ငံ၊ လူထုကာကွယ်ရေး၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဝန်ကြီးဌာန (EMERCOM)မှ ချီးမြှင့်သည့် ဂုဏ်ပြုအမှတ်တံဆိပ်နှင့်လက်မှတ်များပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သံအမတ်ကြီး H.E.Mr.Iskander Azizov၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံရသူကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သံအမတ်ကြီး H.E.Mr.Iskander Azizov က ဂုဏ်ပြုအမှာစကားပြောကြားပြီး ငလျှင်ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုအမှတ်တံဆိပ်နှင့် လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဂုဏ်ပြုအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခံရသူများကိုယ်စား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀







## အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲ ရောင်းချခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ပြုလုပ်သော အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲ ရောင်းချခဲ့သည်။

အဆိုပါ ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ခင်းကျင်းပြသထားသော ကျောက်စိမ်းကျောက်မျက်များကို စစ်ဆေးကြည့်ရှုဝယ်ယူခဲ့ကြသည်။

"ဒီနှစ်ပြပွဲမှာလည်း ကျောက်မျက်ကုန်သည်တွေ စိတ်ဝင်တစားနဲ့ လာရောက်ဝယ်ယူကြတယ်။ သူတို့က အုပ်စုလိုက်၊ ရှယ်ယာရှင်တွေနဲ့ ဝယ်တဲ့သူတွေများပြီး ပြသထားတဲ့ ကျောက်စိမ်းကျောက်မျက်တွေကို သေချာကြည့်ပြီး ဝယ်ယူကြတာဖြစ်ပါတယ်" ဟု ကျောက်စိမ်းကုန်သည်တစ်ဦးက ပြောသည်။



**(အောက်ဝဲပုံ)**

ထိုသို့ ရောင်းချရာတွင် ကျောက်စိမ်းကျောက်မျက်များကို အုပ်စုလိုက်ခွဲခြားကာ ပြသထားရှိပြီး အုပ်စုအေနှင့် အုပ်စုဘီတို့မှာ ကျောက်စိမ်း ကျောက်မျက်အတွဲပေါင်း ၁၀၀၀ ခင်းကျင်းပြသထားသည့်အနက် အတွဲပေါင်း ၇၁၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည်။

ပြပွဲ သတ္တမမြောက်နေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် ၂၀၀၁ မှ ၂၉၀၀ အထိကို ပြည်တွင်း၊ပြည်ပ ကျောက်မျက်ရတနာကုန်သည်များအား ကြည့်ရှုစေပြီး ဈေးနှုန်းပေးသွင်းလွှာများကို တင်ဒါပုံးစံတွင် ဖြည့်သွင်း၍ အဆိုပြုရမည်ဖြစ်ကြောင်း အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းတွင်းအဆင့် ရုရှားဘာသာစကား အခြေခံရက်တိုအချိန်ပိုင်းသင်တန်း ဖွင့်လှစ်သင်ကြား

**မန္တလေး နိုဝင်ဘာ ၂၄**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် သင်ကြား၊ စီမံဝန်ထမ်းများ၏ ရုရှားဘာသာစကားကို အခြေခံမှစ၍ ကျွမ်းကျင်စွာ ပြောဆိုအသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကျောင်းတွင်းအဆင့် ရုရှားဘာသာစကား အခြေခံရက်တို အချိန်ပိုင်းသင်တန်းကို ယနေ့မှ စတင်၍ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ဘာသာရပ်အသီးသီးမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ စုစုပေါင်း ၂၂ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းအား နိုဝင်ဘာ ၂၈ ရက်အထိ တစ်နေ့လျှင် ၂ နာရီ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကံဆွယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးဆုံးရှုံးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့သည်။

ကံဆွယ်ကျေးရွာလမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၇ သန်း၊ စုစုပေါင်း ကုန်ကျငွေကျပ် ၂၆ ဒသမ ၇ သန်းတို့ဖြင့် နိုဝင်ဘာတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ရုံးတွင် မီးဘေးအန္တရာယ် အသိပညာဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးစစ်ဆေး ဆောင်ရွက်ခြင်းအား နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ကြစဉ်။** (ကဆ)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆောက်အဦ လက်သမားအဆင့်(၁)နှင့် အုတ်စီလုပ်သားအဆင့်(၁) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းမှ နည်းပြ ဆရာ၊ ဆရာမများ၊ ကျွမ်းကျင်ပညာရှင်များပူးပေါင်းပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆောက်အဦ လက်သမား အဆင့်(၁)နှင့် အုတ်စီလုပ်သား အဆင့်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်သည့် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးဝင်းမင်းထွဋ်နှင့် တာဝန်ရှိသူများ၊ နည်းပြ ဆရာ၊ ဆရာမများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှတာဝန်ရှိသူများ၊ တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်မှ ဆောက်လုပ်ရေးလုပ်သားများ တက်ရောက်ကြသည်။





အခမ်းအနား၌ စည်ပင်သာယာရေးဝန်ကြီးက သင်တန်း အဖွင့်အမှာစကားပြောကြားရာတွင် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ပြီး ပိုမိုဘေးကင်းလုံခြုံသောအဆောက်အဦများ ဆောက်လုပ်နိုင်စေရန်နှင့် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိပြီး သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချနိုင်သည့်အဆောက်အဦများဆောက်လုပ်တတ်စေရန် ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းမှ နည်းပြ ဆရာ၊ ဆရာမများက ကျောင်း၏ သင်ရိုးညွှန်းတမ်းများနှင့်အညီ လေ့ကျင့်ပေးသွားမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စာတွေ့လက်တွေ့များကို စနစ်တကျ လိုက်နာသင်ယူပြီး လုပ်ငန်းနယ်ပယ်တွင်လည်း ထိရောက်စွာ ပြန်လည်အသုံးချသွားရန် ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးဝင်းမင်းထွဋ်က ပိုမိုဘေးကင်းလုံခြုံသော အဆောက်အဦများ ဆောက်လုပ်ပေးပြီး သဘာဝဘေးအန္တရာယ်များလျှော့ချပေးရန် ဖြစ်သည်နှင့်အညီ လုပ်သားများ၏ ဆောက်လုပ်ရေးဆိုင်ရာအလေ့အထများကို ပိုမိုကောင်းမွန်စေရန်အတွက် စွမ်းရည်မြှင့်တင်ပေးခြင်း အစီအစဉ်များကို သင်တန်းများဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များ၊ သင်တန်းတွင် စာတွေ့လက်တွေ့ပို့ချပေးမည့်အကြောင်းအရာများနှင့် သင်တန်းချိန်များ မပျက်မကွက် အချိန်ပြည့်ကြိုးစားသင်ယူရန်တို့ကို ပြောကြားခဲ့ကြောင်းနှင့် သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားပါက ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်းမှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

# မဟာအောင်မြေမြို့နယ်၌ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများ မြို့နယ်အဆင့် သင်တန်းဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရဲမင်းလွင်က ပို့ချမည့်ဘာသာရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြား ခဲ့သည်။

ထို့နောက် သင်တန်းနည်းပြများက မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအား သက်ဆိုင်သည့် ဘာသာရပ်များအလိုက် ပို့ချဆွေးနွေးခဲ့သည်။



အဆိုပါ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများ၊ စုစုပေါင်း ၁၄၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ နှစ်ရက်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(ဝ၅၆)

# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး)(AEDA-Mdy)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် ထိပ်တန်းကိုယ်ပိုင် အထက်တန်းကျောင်းတွင်ကျင်းပသည်။

အခမ်းအနား၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနုက အဖွင့်အမှာစကား ပြောကြားပြီးနောက် အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျင်းပရခြင်းရည်ရွယ်ချက်၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်း၊ ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်နှင့် လူငယ်ထုအတွင်း အန္တရာယ်ပေးနေသည့်စိတ်ကြွရူးသွပ်ဆေးနှင့် အီးစီးကရက်(vape) အကြောင်းတို့ကို ဟောပြောခဲ့ကြောင်း၊ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ မြန်မာနိုင်ငံမူးယစ်သုံးစွဲမှုပပျောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းနှင့် မေးခွန်းများဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုလက်ဆောင်များချီးမြှင့်ခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးမသုံးစွဲမိစေရန်အတွက် ဟောပြောပွဲတက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက သန္နိဋ္ဌာန်ချတ်ဆိုခဲ့ကြကြောင်းသိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**



**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း တောင်သမန်လွင်ပြင်သာယာလှပရေး၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး





**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် မြို့တော်စည်ပင်ဌာနမှူးများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် ဦးပိန်တံတား တောင်သမန်လွင်ပြင်သို့ ရောက်ရှိကြပြီး သန့်ရှင်းသာယာလှပရေးနှင့် မတ်လကုန် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့၍ ပြုပြင်ပြီး မယ်ဇယ်ပင်တန်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ဦးပိန်တံတားသို့ အဝင် တောင်သမန်ငှက်လှေဆိပ်အသင်းသားများနှင့် တွေ့ဆုံကာ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လှေစီးခြင်းအတွက် ယခင်၊ ယခုလုပ်ငန်းအခြေအနေနှင့် ဗေဒါပင်များ ပိတ်ဆို့နေခြင်းအား ရှင်းလင်းရန် ကိစ္စများ စီစဉ်ဆောင်ရွက်ခဲ့ပြီး တောင်သမန်အင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပနေအောင် သန့်ရှင်းရေး၊ ပန်းအလှပင်များ စိုက်ပျိုးရေး၊ ဆေးသုတ်လုပ်ငန်းများ ပြုပြင်ဆောင်ရွက်ရေးကိစ္စများ အမြဲဆောင်ရွက်ပေးကြရန်နှင့် အမြဲတမ်းပတ်ဝန်းကျင်ဥပမိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပနေစေရန် ဂရုစိုက်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တောင်သမန်လွင်ပြင်လူထုအပန်းဖြေနေရာ၌ ပြည်သူလူထုနားနေထိုင်ခုံများ စနစ်တကျပြန်လည်နေရာချထားပေးခြင်း၊ ဦးပိန်တံတားသို့ အဝင်ပေါက်မှ တံတားအထိ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုနှင့် နေ့စဉ်အမှိုက်စွန့်ပစ်ရန် အမှိုက်ပုံးများ ယခုထက်နေရာအနှံ့တိုးချဲ့ချထားပေးရန် ပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းပင်များ ရှင်းလင်းပေးရန်တို့ကို သန့်ရှင်းရေးဌာန ဌာနမှူးအားလည်းကောင်း၊ ရောင်စုံပန်းအလှပင်များနှင့် ပန်းအိုးများ လှေဆိပ်ဝန်းကျင်ဖြည့်တင်းချထားပေးရေး၊ သန့်ရှင်းသာယာလှပရေးအတွက် တောင်သမန်အင်းအတွင်းရှိ ဗေဒါများအား စက်အား၊ လူအားဖြင့် စတင်၍ အပျော်စီးငှက်လှေများ အသွား၊ အပြန်တံတားတောင်ခြမ်း၊ မြောက်ခြမ်းတစ်လျှောက်လမ်းကြောင်းဖွင့် ဗေဒါများ ရှင်းလင်းရေး ကိစ္စရပ်များကို ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူးအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်လည်းကောင်း မှာကြားခဲ့သည်။



ထို့နောက် မြို့တော်ဝန်သည် မယ်ဇယ်တန်းလွင်ပြင်သို့ ရောက်ရှိပြီး မယ်ဇယ်ပင်တန်းတစ်လျှောက် ငလျင်ဒဏ်ကြောင့် ပြန်လည်ပြုပြင်ပြီး ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် စားသောက်ဆိုင်တန်းတစ်လျှောက် မယ်ဇယ်အောက်လမ်းပိုင်းအား ယခုထက်ကောင်းမွန်အောင်ပြုပြင်ဆောင်ရွက်ပေးရန်နှင့် အနောက်ဘက်ထိပ်ရှိ ရေဆိုးထုတ်မြောင်းနေရာတွင် ပျက်စီးနေသော ရေမြောင်းအား (၂)ပေပတ်လည် Box Culvert တစ်ခုအမြန်ထည့်သွင်းတည်ဆောက်ပေးရန် ကိစ္စရပ်များကို လမ်းတံတားဌာန ဌာနမှူးအားလည်းကောင်း၊ မယ်ဇယ်ပင်တန်းဆိုင်ခန်းများအနီးရှိ ယာဉ်ရပ်နားရန် နေရာ(Car parking) တွင် ကားများ ဝင်ရောက်အပ်နှံနိုင်ရေးအတွက် အဝင်လမ်း၊ အထွက်လမ်းသတ်မှတ်ဆောင်ရွက်ကာ တံတားအောက်ခြေနေရာတွင် ကားများ စည်းကမ်းမဲ့ရပ်နားခြင်းမရှိအောင် ဆောင်ရွက်ရေး၊ ဆိုင်ခန်းများ စနစ်တကျလူသွားလမ်းချန်လှပ်၍ ရွက်ဖျင်တဲများ စနစ်တကျတန်းစီထားရှိ ရောင်းချရေး ကိစ္စရပ်များကို အဆောက်အအုံ နှင့် ကုန်ရုံဌာန ဌာနမှူးအားလည်းကောင်း မှာကြားပြီးနောက် အသစ်ဖွင့်လှစ်ထားသည့် ဈေးဆိုင်ခန်းများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၌ လူဝင်ရောက်မှု နည်းပါးသည့်ကိစ္စရပ်အား မယ်ဇယ်တန်းလွင်ပြင် စည်ကားရေးအတွက် ပြုပြင်ဆောင်ရွက်ရမည့် အစီအစဉ်များအား ညှိနှိုင်းစီစဉ်ခဲ့သည်။



ထိုမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန်သည် ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပြင်ဦးလွင်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ပန်းအလှပင်များ ဝေဆာပြီး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်သည် မြို့အဝင်ကြိုဆိုရေးဆိုင်းဘုတ် WE LOVE PYIN OO LWIN ရှေ့ မန္တလေး-လားရှိုးလမ်းမကြီးဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းတစ်လျှောက် ရောင်စုံပန်းအလှစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ပြီးစီးမှုနှင့် ဗိုဝကလမ်းဆုံရှိ ပန်းခြံနှင့် မန္တလေး-လားရှိုးလမ်းတစ်လျှောက် ဝဲ၊ ယာတွင် ရောင်စုံပန်းအလှပင်များဖြင့် သာယာလှပရေးဆောင်ရွက်ထားရှိမှု လမ်းဘေးဝဲ၊ ယာကတ်တုံးများအား ယာဉ်စည်းကမ်းလိုက်နာရေး (ဖြူ၊ နီ)ကြား ဆေးလိုင်းများ ရေးဆွဲပြီးစီးမှု အခြေအနေ၊ လမ်းဘေးဝဲ၊ ယာအပင်များအား မြေပြင်မှအထက် (၂)ပေအမြင့်ထုံးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အခြေအနေနှင့် ပြင်ဦးလွင်မြို့ အစိုးရဧည့်ဂေဟာ လမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာတွင် ရောင်စုံပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ထပ်မံတိုးချဲ့၍ ရောင်စုံပန်းများ အပြည့်အဝဖြစ်အောင် သာယာလှပရေးအတွက် လမ်းအလိုက် ဘေးဝဲ၊ ယာတွင် ဒေသမျိုးရင်းရောင်စုံပန်းအလှပင်များကို ဖြည့်စွက်စိုက်ပျိုးပေးရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများအား လုပ်သားများဖြင့် ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အတူ လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





# မျိုးဆက်သစ်ဝံသာနုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၄

မျိုးဆက်သစ်ဝံသာနုပါတီ ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံ၏ မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား

ကျွန်တော်ကတော့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်ဖြစ်ပါတယ်။ ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ မှတ်ပုံတင်အမှတ်ကတော့ (၆၁)ဖြစ်ပြီး နိုင်ငံတော်ရဲ့လိုအပ်ချက်အရ မျိုးဆက်သစ်လူငယ်များ အမျိုးသားနိုင်ငံရေးကို စိတ်ပါဝင်စားလာအောင် ပြုစုပျိုးထောင်ပေးပြီး လွှတ်တော်အတွင်းသို့ မျိုးဆက်သစ်လူငယ်များ အတွေးသစ် အမြင်သစ်များဖြင့် ရောက်ရှိလာစေရန် ရည်ရွယ်ပြီး ပါတီကိုတည်ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ အလံတော်ဟာ အောက်ခံအဝါရောင်ပေါ်တွင် လက်ယာဘက်ထိပ်၌ ကြယ်ဖြူတစ်လုံးနှင့် ကြန်အင်လက္ခဏာပြည့်စုံသော စွယ်စုံဆင်နှင့် ဆင်ပေါ်တွင် ဆင်ဦးစီးလူငယ်တစ်ဦးအား ထားရှိပါတယ်။ အောက်ခံအဝါရောင်ရဲ့ အဓိပ္ပာယ်ကတော့ ညီညွတ်မှု၊ စည်းလုံးမှု၊ သဟဇာတနှင့် ဂုဏ်သိက္ခာတည်ငြိမ်ခန့်ညားမှုအာဏာတို့ကို ရည်ညွှန်းပါတယ်။ ကြယ်ဖြူရဲ့ အဓိပ္ပာယ်ကတော့ ထာဝရတည်တံ့ခိုင်မြဲမှု၊ စည်းလုံးညီညွတ်မှုနှင့် သန့်ရှင်းဖြူစင်ပြီး ကိုယ်ပိုင်အလင်းရောင်ရှိခြင်းတို့ကို ဖော်ဆောင်ပါတယ်။ စွယ်စုံဆင်ရဲ့အဓိပ္ပာယ်ကတော့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် စစ်အောင်နိုင်ခြင်းတို့ကို ရည်ရွယ်ပါတယ်။ ဆင်ဦးစီးလူငယ်ကတော့ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မျိုးဆက်သစ်တို့၏ အားမာန်အပြည့်ဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားမည့် ပုံကိုင်ရှင်မျိုးဆက်သစ်လူငယ်များကို ရည်ညွှန်းဖော်ကျူးထားခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ အဓိကရည်ရွယ်ချက်ကတော့ ထာဝရငြိမ်းချမ်းပြီး လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့အဆင့်မီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်သွားဖို့ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းအရ ဟိုလူမကောင်းဘူး၊ ဒီလူမကောင်းဘူးဟု အပြစ်ပြောနေရမယ့်အချိန် မဟုတ်တော့ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ ကောင်းစားဖို့အတွက် အမှန်တကယ် မျိုးချစ်စိတ်၊ ပရဟိတစိတ်၊ ဝံသာနုစိတ်ဓာတ်အပြည့်အဝရှိတဲ့ မျိုးဆက်သစ်လူငယ်များအားလုံးဟာ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး ကမ္ဘာ့အဆင့်မီ ရင်ပေါင်တန်းနိုင်ဖို့အတွက် ကြိုးစားရုန်းကန်ရမယ့်အချိန်ကို ရောက်ရှိနေပါပြီ။ ဒါကြောင့် ဒီမိုကရေစီရဲ့အသက်ဟာ ရွေးကောက်ပွဲပါပဲ။ နိုင်ငံတော်၏ ကံကြမ္မာအပြောင်းအလဲကိုလည်း ဒီရွေးကောက်ပွဲက မဲဆန္ဒရှင်များ၏ ဆန္ဒမဲများဖြင့် ဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် မိဘပြည်သူများအနေဖြင့် ကျွန်တော့်ပါတီကို မဲပေးဖို့ဆိုခြင်းထက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကောင်းစားရေးအတွက် အမှန်တကယ် လိုအပ်နေသည့် ပရဟိတစိတ်၊ ဝံသာနုစိတ်ဖြင့် ရှေ့ဆောင်ဦးရွက် လုပ်ဆောင်မည့် မည်သည့်ပုဂ္ဂိုလ်မျိုးကိုမဆို ရွေးချယ်တင်မြှောက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ယခုအချိန်မှစပြီး ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီရဲ့ ကိုယ်စားလှယ်များဟာ လူငယ်များပီပီ စိတ်သစ်၊ လူသစ်၊ အတွေးသစ်၊ အမြင်သစ်တို့ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်လာအောင် ကြိုးစားသွားကြမှာဖြစ်ပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးဆောင်နိုင်စေရန် ထိန်းကျောင်းသွားပြီး ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲဝင်ရောက်မည့်ကိုယ်စားလှယ်များဟာ ပရဟိတစိတ်အပြည့်ဖြင့် ပြည်သူလူထုရဲ့ လိုအပ်ချက်များကို လွှတ်တော်အတွင်းသာမက လွှတ်တော်ပြင်ပမှာပါ ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်သွားမယ့်သူများ ဖြစ်ပါတယ်။

ဝံသာနုရက္ခိတတရားများဖြင့် ပြည့်စုံပြီး အခြေခံဥပဒေနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများကိုအခြေခံပြီး နိုင်ငံတကာမိတ်ဖက်အသိုက်အဝန်းတည်ဆောက်နိုင်ရေး ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကြိုးပမ်းတည်ဆောက်သွားပါမယ်။ ပြည်ထောင်စုတစ်ဝန်းလုံးရှိ နယ်မြေများထာဝရတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံအေးချမ်းရေးတို့ကို အထူးအလေးထား တိုးမြှင့်ဆောင်ရွက်သွားပါမယ်။

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ပြီး အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်သွားပါမည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး (Global Economy) အခြေအနေနှင့်ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှု သယံဇာတများကို စနစ်တကျ ထုတ်လုပ်သုံးစွဲမှု၊ ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်အောင် ဆောင်ရွက်သွားပါမယ်။ နိုင်ငံတော်သာယာဝပြောရေး၊ တိုင်းရင်းသားအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံပြည့်ဝစေရေး၊ သင့်တင့်သော ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး(အခမဲ့)ပညာသင်ကြားရေး၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ စစ်မှန်သော ပရဟိတလုပ်ငန်းများတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ဦးဆောင်ကြိုးစားဆောင်ရွက်သွားပါမယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် မျိုးဆက်သစ်လူငယ်များအား အခြေခံပညာ၊ တက္ကသိုလ်အဆင့်မြင့်ပညာများသာမက အာကာသသိပ္ပံပညာ၊ နျူကလီးယားသိပ္ပံပညာ၊ နာနိုအီလက်ထရောနစ် နည်းပညာများ လေ့လာသင်ယူစေပြီး နိုင်ငံ၏လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီကတော့ ယခုအကြိမ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာသာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် မျိုးဆက်သစ်လူငယ်အများစုဖြစ်ပြီး အမျိုး၊ ဘာသာ၊ သာသနာကို လေးစားတန်ဖိုးထားတတ်သူများ၊ အနာဂတ်ကို ဦးဆောင်နိုင်အောင် လေ့ကျင့်ပျိုးထောင်ထားသည့်လူငယ်များကိုသာ လွှတ်တော်အတွင်းသို့ရောက်ရှိအောင်တင်သွင်းထားပါတယ်။




လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား၊ ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီ သို့မဟုတ် ရတနာဖြစ်တဲ့ ဆင်ပါတီဟာ မိဘပြည်သူများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် ပရဟိတလုပ်ငန်းစဉ်များမှာ တက်ကြွစွာပါဝင်ဆောင်ရွက်သွားပါမယ်လို့ ကတိပေးပါတယ်။

မန္တလေးတိုင်းဒေသကြီးရဲ့ စက်မှုလက်မှုကဏ္ဍများကိုလည်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် လယ်သမား၊ အလုပ်သမားတို့ရဲ့ အကျိုးခံစားခွင့်များပိုမိုရရှိလာအောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကအစ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ဦးစီးဆောင်ရွက်သွားပါမယ်။

အချုပ်အားဖြင့်ဆိုသော် ကျွန်တော်တို့ မျိုးဆက်သစ်ဝံသာနုပါတီဟာ မျိုးဆက်သစ်တို့ရဲ့ အားမာန်အပြည့်ဖြင့် ဌာနစုံဘက်ပေါင်းစုံနှင့် အဂတိတရားကင်းရှင်းပြီး စစ်မှန်သော ဝံသာနုစိတ်ဖြင့် ကမ္ဘာ့အဆင့်မီ နိုင်ငံတော်ကြီးကို တည်ဆောက်လိုပါသဖြင့် မျိုးဆက်သစ်ဝံသာနုပါတီ (ဆင်ပါတီ)ကို မဲပေးကြဖို့ မေတ္တာရပ်ခံနှိုးဆော်ပါတယ်ခင်ဗျား .. အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

## ပါတီ၏ သီချင်းစာသား

A. (ပြည်ထောင်စုထဲက သွေးချင်းတို့ရေ ပြည်ထောင်စု ချစ်တဲ့စိတ်တွေ မွေးမြူစို့လေ)၂ သွေးချင်းခိုင်မာ အားသစ်ကိုမွေး ဒို့နိုင်ငံကောင်းစားရေး အတွက် တစ်စိတ်တစ်ဝမ်းညီအောင် ဖော်ဆောင်ကြိုးစား အစိုးရတစ်ရပ် အမှန်လိုအပ်နေ ...... အရွေးမမှားဖို့လိုပြီလေ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးဖို့ အသည်းကြားက မဲတစ်ပြားက ပဓာနကျတယ်လေ..

B. (လာလာလေမဲပေးရအောင် မဲရုံသွားစို့ ခလုတ်တစ်ချက် အစဉ်တစ်သက်နောင်တမရပေါင် ရှေ့ဆောင်ကောင်းမို့)၂ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ဘယ်ပါတီလဲမေးရင် ပရဟိတမျိုးဆက်သစ် ဝံသာနုပါတီ... ဆင်ပါတီကို မဲပေးကြပါစို့......

C. (သီလ သိက္ခာ သမာဓိ ပညာ လေးဝ ဖြဟ္မစိုရ်ဦးထိပ်တည်လို့သာ )၂ စွမ်းဆောင်ကြိုးပမ်း အဓိမှတ်စရာ ဓမ္မကလာဒ်ဒါ အမျိုးဘာသာ သာသနာရေးနဲ့ ပြည်သူအကျိုးအတွက် ဦးဆောင်ပါဝင်ကာ ကမ္ဘာ့အလယ်မှာ တင့်တယ်စရာ မူအချက်နဲ့ မျိုးဆက်သစ်ဝံသာနုပါတီပါ..

## မျိုးဆက်သစ်ဝံသာနုပါတီ

- နိုင်ငံတော်ကို ချစ်မြတ်နိုးသော အားမာန်အသစ်တွေ ဉာဏ်ပညာနဲ့ ထက်ထက်မြက်မြက် စွမ်းဆောင်မှုတွေ လူငယ်လူရွယ်များရဲ့ လက်ထက်တို့ရဲ့တိုင်းပြည် စိန်ရောင် ရွှေရောင်ထွန်းလင်းတောက်ပ တိုင်းပြည်အနာဂတ်တွေ...
- မျိုးဆက်သစ် ဝံသာနုပါတီ မျိုးချစ်စိတ်နဲ့ တိုင်းပြည်တည်ဆောက်မည် မျိုးဆက်သစ် ဝံသာနုပါတီ အများကောင်းကျိုးအတွက် တာဝန်ထမ်းဆောင်မည် ............
- ဒီမိုကရေစီခေတ်သစ်စနစ်နဲ့ တိုးတက်ခြင်းတွေ ပြည်သူတွေရဲ့ ဘက်ကရပ်လို့ အမြဲအတူရှိနေ ကမ္ဘာကိုရင်ပေါင်တန်းဖို့ ကြိုးစားစိတ်ဓာတ်မြင့်မားစေ ..... ရွှေနိုင်ငံ တည်ဆောက်ဖို့ ရဲရင့် အတွေးအမြင်အသစ်တွေ .........

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဘဲကုန်းကျေးရွာအုပ်စု၊ ရေဖြူတွင်းကျေးရွာ၌ (၁၀)ကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ရေဖြူတွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေဖြူတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅ ဦးကို ငွေကျပ် ၀ ဒသမ ၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁ဦးကို ငွေကျပ် ၀ ဒသမ ၁၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၈ ဦးကို ရန်ပုံငွေ ကျပ် ၃၈ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ငပုတောမြို့နယ် ကျုံကူးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

အဆိုပါ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာ စိတ္တသုခ ဘုန်းကြီးကျောင်းတွင် အခြေပြု၍ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၇ ဦး၊ ခွဲစိတ်ရောဂါ ၃၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၇၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၄ ဦး၊ မျက်စိရောဂါ ၁၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၀၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၅၅၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် -







လည်ပင်းအကျိတ်က ပြည်တည်လို့ အကြောရောင်တာ၊ ဇက်ကြောတက်တာကနေ စဖြစ်တာပါ။ ဒီမတိုင်ခင်မှာ ပြခဲ့တာရှိပါတယ်။ စာမေးပွဲ ဖြေနေသေးလို့ဆိုပြီး မခွဲဖြစ်သေးတာပါ။ ဘယ်လိုပဲ ဖြစ်ဖြစ် အဆင်ပြေတယ်ပေါ့။ ကိုယ့်ဒေသမှာလာပြီး ကုသပေးတဲ့အခါကျတော့ အစစအရာရာ အဆင်ပြေသွားတာပေါ့။ အခုလို မျိုးလာရောက်ပြီး ကုသပေးတဲ့အတွက် ဆရာ ဆရာမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျွန်မရဲ့မေမေက အကြောနဲ့ ပတ်သက်ပြီး လမ်းလျှောက်လို့လည်းသိပ်မကောင်းလို့ လာပြတာပါ။ အရင်တုန်းကလည်း လာပြဖူးပါတယ်။ အရင်တစ်ခေါက်လာတုန်းကလည်း အဲ့လိုပဲ အကြောနဲ့ပတ်သက်ပြီး ဆေးလာပြတော့ ဆေးထိုးပေးတယ်။ သောက်ဆေးတွေ ဘာတွေပေးတယ်ဆိုတော့ သက်သာတယ်။ အခုကျုံကူးတိုက်နယ်အတွင်းမှာရှိတဲ့ လူတွေအားလုံးက ဒီနေရာကို လာပြီး ကုသလို့ရတယ်ဆိုတော့ အဆင်ပြေသွားတာပေါ့။ အခုလိုမျိုး ပင်ပင်ပန်းပန်းနဲ့ ဆေးလာရောက်ကုသပေးတဲ့ အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်နောင်ကိုလည်း အခုထက်ပိုပြီးတော့ လာရောက်ကုသပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

သတင်းစဉ်

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ ခရစ်ယာန်ဘုရားကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၆၂ ဦး၊ ခွဲစိတ်ရောဂါ ၃၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၃ ဦး၊ ကလေးရောဂါ ၄၉ ဦး၊ အရိုးရောဂါ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၆ ဦး၊ မျက်စိရောဂါ ၅၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါ ရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-







ညီမနာမည်က မိုးအိဇင်ပါ။ ညီမက ဂေါ်သူတောင်တာကြီးကနေလာတာပါ။ ညီမတူလေးက အဆုတ် လေပြွန်ရောင်တာလို့ ပြောပါတယ်။ အဲဒီရောဂါနဲ့ ဆရာကိုလာပြတာပါ။ ဆရာဝန်က သေချာ ဆန်းစစ်ပေးတယ်။ ကလေးကို ဆေးကောင်းတွေလည်းပေးလိုက်ပါတယ်။ ကလေးက အဆုတ်လေပြွန်ရောင်တာဖြစ်လို့ သေချာစောင့်ကြည့်သင့်တယ်လို့ပြောပါတယ်။ တကယ်လို့ မသက်သာရင်တော့ ဆေးရုံဆေးခန်းသွားဖို့ ညွှန်ကြားပေးတယ်။ ဘယ်ဆေးကို ဘယ်လိုတိုက်ရမယ်ဆိုတာလည်း သေချာညွှန်ကြားပေးတယ်။ အခုလိုမျိုး ညီမတို့ကို တကူးတကလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး သူတို့က ညီမတို့ကို စိတ်ထဲမှာ အသိအမှတ်ရှိပြီး လာပြီးကုသပေးတဲ့အတွက် ညီမတို့က တကယ်ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

မျက်စိရောဂါနဲ့ လည်ပင်းရောဂါဖြစ်တာပါ။ လည်ပင်းက အသက်ရှူလို့မဝဘူး။ ကျပ်ပြီးတော့ ဆို့ထားသလိုဖြစ်တယ်။ ဒီဘက်ဘေးနားမှာ ဆို့ထားသလို၊ မျက်စိကျတော့လည်း အာရုံကြောကမကောင်းဘူး။ ကြည့်လို့မကောင်းဘူး။ မျက်စိဝေတယ် အလွန်ဝေတာပဲ။ အခုကတော့ တော်တော်သက်သာသွားပါတယ်။ ဆရာဝန်က ကျွန်မကို ပြောတာ သူက အခုလောလောဆယ်တော့ ခွဲလို့မရသေးဘူးတဲ့။ ခြောက်လပိုင်းကျမှ ခွဲလို့ရမယ်။ နသေးတယ်လို့ပြောတယ်။ ဆေးပဲတိုက်ပေးတယ်။ ဆေးပဲသောက်ခိုင်းတယ်။ ဒီကိုလာရောက်ပြီးတော့ကုသပေးတဲ့ ဆရာဝန်ဆရာမတွေနဲ့ လာရောက်ဖို့ညွှန်ကြားပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၄

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံတောင်ပိုင်းစွန်း ကိုမိုရင်းဒေသနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း သီရိလင်္ကာနိုင်ငံတို့တွင် နိုဝင်ဘာ ၂၅ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

■ စာမျက်နှာ ၂၄ မှ

တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်းသုံးပိုင်းခွဲ၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အပိုင်း (၁) နယ်မြေအတွင်းရှိ အဆောက်အအုံ ၁၄၈ လုံးကို အားလုံးဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ထို့နောက် အပိုင်း (၃) နယ်မြေအတွင်းရှိ အဆောက်အအုံများကို နိုဝင်ဘာ ၁၇ ရက်မှစတင်၍ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း (၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ အလုံး၈၀ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၂၈ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ခုနစ်ရက်မြောက် နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ ၁၇ ထပ် အဆောက်အအုံ တစ်လုံး၊ ခုနစ်ထပ် အဆောက်အအုံ လေးလုံး၊ ၁၃ ထပ်အဆောက်အအုံ တစ်လုံးနှင့် ခြောက်ထပ်အဆောက်အအုံ လေးလုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ Star Link ဘန်းတစ်လုံး၊ Router တစ်လုံးနှင့် ကွန်ပျူတာမျိုးစုံ ၂၀၅ လုံးတို့ကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ် ရှင်းလင်းခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၈၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသားနှစ်ဦး၊ အိန္ဒိယနိုင်ငံသားနှစ်ဦး၊ ပါကစ္စတန်နိုင်ငံသားတစ်ဦးနှင့် တရုတ်(တိုင်ပေ)မှ နှစ်ဦး စုစုပေါင်း ၁၀၁ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံး ပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီး ရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ် ရှင်းလင်းခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ကို စစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park အတွင်း အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု။





လေးထပ်နှင့်ငါးထပ် လူနေအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးရန် ယမ်းများတပ်ဆင်နေသည်ကို တွေ့ရစဉ်။



ငါးထပ် လူနေအဆောက်အအုံ တိုက်အမှတ် C 13 ကို ဖောက်ခွဲမဖျက်ဆီးမီနှင့် ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



ငါးထပ် လူနေအဆောက်အအုံ တိုက်အမှတ် C 18 ကို ဖောက်ခွဲမဖျက်ဆီးမီနှင့် ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် သုံးထပ်/နှစ်ထပ်လူနေအဆောက်အအုံများကို ဖြိုချဖျက်ဆီးပြီး တွေ့ရစဉ်။



ယန္တရားဖြင့်ဖြိုဖျက်မည့် သုံးထပ်လူနေအဆောက်အအုံများအား မဖြိုချမီနှင့် ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။


လေးထပ် လူနေအဆောက်အအုံ C12 ကို ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



## ချင်းတွင်းမြစ်ကူး(ထမံသီ)တံတားပတ်ဝန်းကျင် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်ကူး(ထမံသီ) တံတား တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ချဉ်းကပ်လမ်းနှင့် တံတား၏ ပတ်ဝန်းကျင်သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ချင်းတွင်းတံတား (ထမံသီ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် သွားရောက်စစ်ဆေးကြသည်။

ချင်းတွင်းတံတား (ထမံသီ) တံတား ချဉ်းကပ်လမ်းများ ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းပခုံးများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်နေမှု၊ တံတားသစ်ကြီးအပေါ်ရှိ ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှု၊ တံတားလက်ရမ်းများ တပ်ဆင်နေမှုများနှင့် တံတားတည်ဆောက်ပြီးစီးမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ချင်းတွင်းမြစ်ကူးတံတား (ထမံသီ)သည် ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့-ပန်ဆပ်-ဆွမ္မရာမြို့ လမ်းပေါ်တွင် ချင်းတွင်းမြစ်အား ဖြတ်၍ တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ (HFL) ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

## မန္တလေးမြို့ ကိုယ်ပိုင်ကျောင်းများ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးမြို့ ကိုယ်ပိုင်ကျောင်းများ၏ အလယ်တန်းအဆင့် 8- Private School Friendship Cup(2025) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းဦးနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် စေတနာမွန် ကိုယ်ပိုင်ကျောင်းအသင်းက PEC ကိုယ်ပိုင်ကျောင်းအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု၊ အသန့်ရှင်းဆုံးဆု၊ ပူးတွဲတတိယဆု၊ ဒုတိယဆုရအသင်းများကို ဆရာ၊ ဆရာမကြီးများက ဆုများ ချီးမြှင့်ပေးအပ်ကာ အနိုင်ရဗိုလ်စွဲသွားသော စေတနာမွန် ကိုယ်ပိုင်ကျောင်းအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဆုဖလား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၀၃၂)



## မြစ်ရေနည်းချိန်ဖြစ်၍ ရေလမ်းသတိပေးချက် ထုတ်ပြန်

အောက်တိုဘာလမှ စတင်၍ မြစ်ရေသည် တဖြည်းဖြည်း ကျဆင်းလာပြီး မြစ်ရေနည်းချိန်ဖြစ်၍ ရေယာဉ်များ ဘေးကင်းစေရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရေလမ်းညွှန်ဌာနခွဲ)မှ ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် ဧရာဝတီမြစ်ရေသည် နိုဝင်ဘာ ၂၃ ရက်က ၄၅၆ စင်တီမီတာသို့ ရောက်ရှိနေပြီး ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအထက် ၃ ပေ ကျော်တွင် ရောက်နေသည်ဟု ဆိုသည်။

“မြစ်ရေနည်းချိန်မှာ တံတားတွေအောက်က ဖြတ်သန်းချိန်နဲ့ သောင်တွေ ပေါ်ထွန်းနေချိန်မှာ မြစ်အတွင်းသွား ရေယာဉ်တွေအတွက် အန္တရာယ်မရှိအောင် ရေလမ်း သတိပေးချက်တွေ ဌာနက ထုတ်ပြန်ပေးပါတယ်”ဟု ၄င်းဌာနမှ တာဝန်ရှိသူက ပြောသည်။

နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အထိကို ရေနည်းကာလအဖြစ် သတ်မှတ်ထားပြီး ရေယာဉ်များအနေဖြင့် ဝန်တင်ရေစူးကို ရေလမ်းကြောင်းအခြေအနေပေါ်မူတည်၍ သတ်မှတ်ထားသည့် ရေစူးကန့်သတ်ချက်နှင့်အညီ တင်ဆောင်ခုတ်မောင်းသွားရန် လိုအပ်ကြောင်း သိရသည်။

“မန္တလေးငလျင်ကြောင့် ပျက်စီးမှုရှိခဲ့တဲ့ အင်းဝ(စစ်ကိုင်း) တံတားဟောင်းမှာ ဆယ်ယူရေး လုပ်ငန်းတွေ ဆောင်ရွက်နေလို့ တံတားအောက်က ရေလမ်းကို ဖြတ်သန်းတဲ့အခါ ရေယာဉ်တွေ အထူးဂရုပြု ခုတ်မောင်းကြဖို့ လိုပါတယ်။ ဒါ့အပြင် ရေနည်းကာလမှာ မြစ်အတွင်းသောင်တွေ ပေါ်ထွန်းတဲ့အတွက် ဘေးကင်းအောင် မောင်းနှင်ကြရမှာပါ”ဟု ဆက်လက်ပြောကြားသည်။

မြစ်အတွင်းသွားရေယာဉ်များအနေဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း၊ ခရီးသည် ပို့ဆောင်ခြင်းတို့ ဆောင်ရွက်ရာ၌ သတ်မှတ်ရေစူးကို လိုက်နာတင်ဆောင်ရမည်ဖြစ်ပြီး ဘေးကင်းလုံခြုံရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် ဌာနမှ မြစ်ကမ်းဘေးများ၊ သောင်များတွင် ရေလမ်းသတိပေး အမှတ်အသားများ စိုက်ထူအသိပေးထားကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)



## ဆီထွက်သီးနှံ နေကြာမျိုးစေ့ပေးအပ်ပွဲနှင့် ကွင်းလက်တွေ့သရုပ်ပြပွဲ ကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ဆောင်းသီးထပ် စိုက်ပျိုးနိုင်ရေးအတွက် ဆီထွက်သီးနှံ နေကြာမျိုးစေ့ ပေးအပ်ပွဲနှင့် ကွင်းလက်တွေ့သရုပ်ပြပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျိုင်းတုံတက္ကသိုလ်ရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကြည်မင်းသိန်းနှင့် အဖွဲ့ဝင်(၂) ဦးမင်းညိုတို့က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက ဒေသအတွင်း စားသုံးဆီ လိုအပ်ချက်မြင့်မားလျက်ရှိသောကြောင့် စားသုံးဆီ သုံးစွဲမှုဖူလုံစေရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆီထွက်သီးနှံ နေကြာမျိုးစေ့များ ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစောမင်းသူတို့က ဆီထွက်သီးနှံ နေကြာမျိုးစေ့များကို စိုက်ပျိုးရေးတောင်သူများထံ ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ၏ ဆီထွက်သီးနှံ နေကြာမျိုးစေ့ လက်တွေ့သရုပ်ပြဆောင်ရွက်နေမှုအား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

## ရေမင်း မိုးစပါးစံကွက်ရိတ်သိမ်းရာ စပါးအစို တစ်ဧက ၉၁ ဒသမ ၅၀ တင်းထွက်ရှိ

**ငဖဲ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးများ အထွက်နှုန်း သိရှိစေရန် ရည်ရွယ်၍ ပုဂ္ဂလိကဆည်ရေသောက် ရေမင်းမိုးစပါး (ကောင်း)ကိုယ်စားပြု စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ပန်းတိမ်းကျေးရွာအုပ်စုတွင် ပြုလုပ်ခဲ့သည်။

ငဖဲမြို့နယ်အတွင်း မိုးစပါးများ အထွက်နှုန်းကောင်းမွန် မှန်ကန်စေရေးအတွက် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဦးဆောင်၍ ပန်းတိမ်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၄၂)၊ ပန်းတိမ်းကွင်း ဦးပိုင်အမှတ်(၁၃၅) တောင်သူ ဦးစောဝင်း၏ ပုဂ္ဂလိကဆည်ရေသောက် လယ်မြေ ၀ ဒသမ ၉၀ ဧကခွဲ ရေမင်းစပါးမျိုး(ကောင်း) အဆင့်အတန်း ကိုယ်စားပြု စံကွက်ရိတ်သိမ်းရာ စပါးအစို တစ်ဧကအထွက်နှုန်း ၉၁ ဒသမ ၅၀ တင်း ထွက်ရှိသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ငဖဲမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာကွင်းဝန်ထမ်းများ၊ ကျေးရွာအုပ်စု စံကွက်ရိတ်သိမ်းရေးအဖွဲ့များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မယု(ငဖဲ)

*-*-*-*-*-*-*

# မြို့မ အပျော်တမ်းတူရိယာအသင်း၏ ခမ်းနားပျော်ရွှင် ရာပြည့်သဘင်

ဂီတဆိုသည်မှာ လူတိုင်းနှင့် ကင်းလွတ်ခြင်းမရှိ။ စိတ်ကို အပန်းဖြေစေသည်။စိတ်ဖိစီးမှုများကို သက်သာစေသည်။ ဝါသနာရှင်တို့၏ စုစည်းမှုဖြင့် တေးဂီတဝိုင်းများ အလျှို အလျှို ပေါ်ပေါက်လာခဲ့သည်။ မြန်မာမှုတေးဂီတ ဖော်ထုတ်၍ ဂန္ထဝင်ဂီတ၊ ခေတ်ပေါ်ဂီတများဖြင့် ဂီတပန်းခင်းဝယ် လျှောက်လှမ်းနေသော အသင်းမှာ မန္တလေးမြို့က မြို့မအသင်း(မြို့မအပျော်တမ်းတူရိယာအသင်း)ကြီးဖြစ်ပြီး နှစ်တစ်ရာသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ သို့ဖြစ်၍ မြို့မအသင်းကြီးမှ တာဝန်ရှိသူများက ရာပြည့်သဘင်ပွဲတော်ကို နိုဝင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့ ရတနာပုံခန်းမတွင် ခမ်းနားစွာကျင်းပသွားမည် ဖြစ်သည်။

ရာပြည့်သဘင်ပွဲကို ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့၊ မြို့မအသင်းသားများမှာ လပေါင်းများစွာကတည်းက စီစဉ်ကြရသည်။ မြို့မအသင်းကြီးမှ ဂီတစာဆိုများ ရေးဖွဲ့သီကုံးသည့် တေးသီချင်းများကို သီဆိုယှဉ်ပြိုင်မည့် သီချင်းဆိုပြိုင်ပွဲကြီး ပါဝင်သည်။ သမိုင်းတွင်ရစ်မည့် ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေခြင်း၊ ရန်ကုန်နှင့် မန္တလေးမြို့မအသင်းက အဆိုတော်များ သီဆိုသည့် တေးသီချင်းများကို အွန်လိုင်းမှ ဖြန့်ဝေခြင်းစသည့် အစီအစဉ်များ ပါဝင်မည် ဖြစ်သည်။

မြို့မ ရာပြည့်သဘင်တွင် မြို့မအသင်းနာယက တေးချစ်သူ ဦးခင်မောင်သန်းက ရေးစပ်သီကုံးသည့် ရာပြည့်ပွဲ-နွဲ့ကြမည် သီချင်းကို အဖွင့်သီချင်းအဖြစ် မြို့မအဖွဲ့သားများက သီဆိုကြမည်ဖြစ်သည်။ သက်တမ်းနှစ် (၁၀၀) တိုင်အောင် ကျန်းမာရွှင်လန်း နုပျိုလန်းဆန်းသော ဂီတပန်းများဖြင့် ယနေ့တိုင် တည်တံ့ လျက်ရှိနေသည်မှာ မန္တလေးက မြို့မ အပျော်တမ်းတူရိယာအသင်း၊ တစ်နည်းအားဖြင့် မြို့မ အသင်းကြီး ဖြစ်သည်။

### ရာပြည့်ပွဲ-နွဲ့ကြမည်

**(ခြေဆင်း)တစ်ထောင့်ကိုးရာနှစ်ဆယ့်ငါးခုနှစ်ဆီ . . . ဂီတဝါသနာရှင် သူငယ်ချင်းတစ်စုတို့ . . . ဝိုင်းဖွဲ့တီးဆို. . .ပျော်ဖြေရာမှသည် . . .မြို့မ မြို့မ အပျော်တမ်းတူရိယာအသင်းကြီး . . . မီးရှူးသန့်စင် . . . ဖွားမြင်ခဲ့လေပြီ . . . ။**

**ဝါသနာရှင်များ အားထုတ်ကြိုးစားခဲ့သည် . . .နှစ်တစ်ရာတိုင်ပြ . . .ခိုင်မြဲစွာရပ်တည် . . . ဆရာငြိမ်း ဦးဆောင်ခဲ့သည် . . . ဂန္ထဝင်တေးအလှတွေဝေစည် ကမ္ဘာတည်သရွေ့ မြို့မအသင်းတည် . . . မောင်မယ်များ စွမ်းဆောင်ပါမည် . . . ညီညွတ်စွာမခွဲ . . . တွဲလက်မြဲမြဲ အားမာန်ရှိ . . . ။**

**မြို့မအသင်း တေးကဗျာသီ . . . အဆိုပြိုင်ပွဲများ ကျင်းပမည် . . . စခန်းရွှေပြည် . . . နန်းမြေဆီ . . . အသံရော . . . အဆိုရော အစွမ်းပြစေမည် . . . ယှဉ်ပြိုင်မည် . . . အနိုင်မခံပြီ . . . အဆိုအတီးနဲ့ . . . မြို့မပျော်ဖြေမည် . . . တိုင်းရင်းသားတို့ စုံစုံညီ . . . လာစေချင်သည် . . . မန္တလေးမြို့တော်ဆီ....ရာပြည့်ပွဲနွဲ့ကြမည် . . .မြို့မမောင်မယ် ဖိတ်ခေါ်သည် . . . ယှဉ်တွဲ ဆင်နွှဲ ပွဲနှစ်တစ်ရာဆီ ....။**

မြို့မအသင်းကြီးတွင် ယနေ့တိုင် ရှင်သန်ရပ်တည်နေသော ဂီတအသင်းမှာ မန္တလေးမြို့က မြို့မအပျော်တမ်း တူရိယာအသင်းဖြစ်သည်။ ဂီတကို မြတ်နိုးဖက်တွယ်သူ၊ ဝါသနာကြီးသူများ စုစည်းတည်ထောင်ခဲ့ကြသည်။ ဂီတအသင်းကြီးတွင် သန္ဓေတည်ခဲ့သူများမှာ မဟာဂီတကျွမ်းကျင်ပိုင်နိုင်သူ၊စာပေဗဟုသုတဖတ်ရှုလေ့လာသူ၊ သံစဉ်နှင့် စာသား လိုက်ဖက်ညီအောင် ရေးစပ်သီကုံးနိုင်သူများနှင့် ဂီတတူရိယာများတီးမှုတ်ကျွမ်းကျင်မှုများကို လက်ဆင့်ကမ်းသင်ကြားပြီး ရာပြည့်ခရီးပေါက်အောင် မြို့မကို သယ်ဆောင်လာခဲ့ကြသည်။

### မြို့မဖြစ်တည်ခဲ့ပုံ

မြို့မဆိုသော အမည်လေးက ချစ်စရာကောင်းသလို ကြာသပတေးနံ နှစ်ခုဖြစ်နေပြီး စာလုံးဒီဇိုင်း (Logo)ကလည်း လွန်ခဲ့သော နှစ် (၁၀၀)က ဖြစ်သော်လည်း ယနေ့တိုင် ခေတ်မီလှပနေဆဲရှိသည်မှာ ထူးခြားသည်ဟုဆိုနိုင်သကဲ့သို့ မြို့မအသင်း စတင်ဖြစ်တည်လာပုံက ထူးခြားသည်ဟု ဆိုချင်သည်။ မန္တလေးမြို့၏ ဘာသာရေး၊ သာသနာရေး ဓလေ့များနှင့် ပတ်သက်နေပြန်သည်။

မြောက်ရေး၊ ကမ္ဘာသုံးဂီတသင်္ကေတဖြင့် ရေးသားသော တူရိယာများကို လေ့လာရေး၊ ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံး ဂီတသင်္ကေတဖြင့် ကူးပြောင်းလေ့လာတီးခတ်ရေးတို့ ဖြစ်သည်။

အသင်းကိစ္စရပ်များ စုစည်းတိုင်ပင်ကြရန် ဆိုင်းတန်းရပ်မှ ကိုမြသိန်းအိမ်ကို အသင်းတိုက်သဖွယ် သတ်မှတ်အသုံးပြုကာ သီချင်းတိုက်ကြ၊ ဆိုကြ၊ တီးကြသည်။ တူရိယာပစ္စည်းများမှာ ကြိုးတပ်တူရိယာများ ဖြစ်သည်။ ထိုသို့ တီးမှုတ်နေသည်ကို တွေ့နေရသော ဆိုင်းတန်းရပ်ကွက်မှ အပေါင်ဆိုင် ပိုင်ရှင် ဦးတော်လုံက လေမှုတ်တူရိယာများဖြင့် ခေတ်မီမီ တီးမှုတ်နိုင်ရန် ငွေကျပ် ၁၀၀၀ မ,တည်ကူညီခဲ့သည်။ထိုခေတ်က ငွေကျပ် ၁၀၀၀ သည် ရွှေတစ်ကျပ်သားပေါက်ဈေးမှာ ငွေကျပ် ၈၀ ခန့်သာရှိသဖြင့် လွန်စွာတန်ဖိုးကြီးမားသည်ဟုဆိုရမည်။ ဦးတော်လုံ၏ ကူညီမှုဖြင့် ကြိုးတပ်တူရိယာများအပြင် လေမှုတ်တူရိယာများပါဝင်လာရာက မြို့မသံစုံ ဂီတဝိုင်း ဖြစ်လာခဲ့သည်။

လေမှုတ်တူရိယာများဖြစ်သည့် ဆိုက်ဆိုဖုန်း



၁၉၂၅ ခုနှစ်မတိုင်မီက ရတနာပုံဗုဒ္ဓဝေယျာဝစ္စအသင်းအမည်ဖြင့် အလှူပွဲ၊ ဘာသာရေးပွဲများတွင် ငွေကြေးမယူ ကုသိုလ်ဖြစ် လိုက်ပါ ဖျော်ဖြေခဲ့ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ သုတေသနစာတမ်းတွင် မြို့မဖြစ်တည်လာပုံကို လေ့လာတင်ပြထားသည်မှာ မန္တလေး၊ လမ်း ၈၀ တရုတ်တန်းရပ်တွင် ဦးဘသက်၊ ဦးထွေး၊ ဦးလှကျော်၊ မြို့မငြိမ်းတို့က တရုတ်တန်းဝိုင်းကလေးဟူသောအမည်ဖြင့် ဝါသနာရှင်များစုစည်းကာ ဂီတာဝိုင်းတစ်ခု ဖွဲ့စည်းခဲ့သည်ဟု ပါရှိသည်။

၁၉၂၅ ခုနှစ်ဝန်းကျင်တွင် ထိုအုပ်စုထဲမှ ကိုကြီးအုန်း၊ ကိုကြီးငွေ၊ ကိုသန့်(ဒါးတန်းဦးသန့်)၊ ကိုဘညိမ်း(မြို့မငြိမ်း)၊ ကိုလှဝင်းနှင့် ကိုမြသိန်းတို့က (ရတနာပုံဗုဒ္ဓဝေယျာဝစ္စ)အသင်းဟု အမည်ပေးကာ ပါဝင်သူ ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့သည်ဟု သိရသည်။ ထိုအမည်မှ နေပြည်တော်ဟု အမည်ပြောင်းသည်။ ထိုအမည်မှာ ကြီးမြတ်လွန်းသည်ဟုဆိုကာ ကိုဘညိမ်း(မြို့မငြိမ်း)က မြို့မဟူသောအမည်ကို အကြံပြုတင်ပြရာက အားလုံးသဘောတူလက်ခံခဲ့ကြပြီး ယနေ့တိုင် မြို့မဟူသောအမည်ဖြင့် အတည်တကျ ကမ္ပည်းတွင်ခဲ့သည်ဟု ဆိုပါသည်။

မြို့မဖွဲ့စည်းစဉ်က အသင်း၏ ရည်ရွယ်ချက် (၄)ခုမှာ မြန်မာသီချင်းကြီးများကို ဆည်းပူးပြန့်ပွားရေး၊ ကမ္ဘာသုံး တူရိယာများ သင်ကြားတတ်

Saxophone၊ ကလာရီနက် (Clarinet)၊ ထရမ်းပက် (Trumpet ) စသည့်ပစ္စည်းများ တိုးချဲ့နိုင်ခဲ့ပြီး မြို့မဆိုသော စာလုံးဒီဇိုင်းမှာ ပန်းချီဆရာကြီး ဦးဘသက်၏လက်ရာဖြစ်သည်။ ထိုအချိန် ၁၉၂၅ ခုနှစ်မှစ၍ မြို့မတူရိယာအသင်းကို စည်းမျဉ်း၊ စည်းကမ်းများဖြင့် ဖွဲ့စည်းခဲ့သည်ဟုဆိုပါသည်။

မြို့မ ဖြစ်ပေါ်လာပုံကို မြို့မအပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာ လှခိုင်ကပြောကြားရာတွင် 'မြို့ရဲ့ အလယ်ခေါင်မှာ မြို့နေလူထုက' မ,ပြီး ပေါ်ပေါက်လာတာဖြစ်လို့ မန္တလေး 'မြို့မ အပျော်တမ်းတူရိယာ' အသင်းလို့ အမည်ပေးခဲ့သည်။ အပျော်တမ်းတူရိယာအသင်းဟု ဆိုလိုခြင်းမှာ တီးမှုတ်သူအားလုံးသည် ခံစားခွင့် တစ်စုံတစ်ရာမရှိဘဲ ဝါသနာနှင့် အပျော်တမ်းဖြစ်သောကြောင့်ဟု ဆိုပါသည်။ ၁၉၂၈ခုနှစ်တွင် စတင် သန္ဓေတည်ပြီး သုံးနှစ်အကြာတွင် မြို့မအသင်း၏ ဖွဲ့စည်းပုံတွင် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ဝိုင်းအုပ်(တီးဝိုင်းအုပ်ချုပ်သူ)၊ ပစ္စည်းထိန်းစသည့် တာဝန်များခွဲဝေခဲ့သည်။ ယနေ့ထိ ထိုဖွဲ့စည်းတာဝန်ပေးအပ်သည့် ပုံစံအတိုင်း ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်ဟု ဆိုပါသည်။

'၁၉၂၅ ခုနှစ် ပတ်ဝန်းကျင်မှာ မြို့မရဲ့ တည်ထောင်သူတွေဖြစ်တဲ့ မြို့မငြိမ်း၊ ဒါးတန်းဦးသန့်၊ ပန်းချီဆရာကြီး ဦးဘသက်၊ ဇရာဝတီသဘော်စာရေးကြီး ဦးမြသိန်း၊ သူတို့တစ်တွေက အပျော်တမ်းတေးဂီတအဖြစ် စောင်း၊ ဗျပ်စောင်း၊ တယော



တွေနဲ့ စုပြီးတီးကြတယ်။ အလှူတွေ ဆွမ်းကြီးလောင်းပွဲတွေ ဝါဆိုပန်းကပ်ပွဲတွေမှာ အခမဲ့ လိုက်ပြီး ဖျော်ဖြေကြတယ်။ ဘုရားပွဲ၊ အလှူပွဲတွေမှာ တီးကြလို့ ရတနာပုံဗုဒ္ဓဝေယျာဝစ္စအသင်းလို့ နာမည်ပေးတာ။ ကိုမြသိန်းတို့အိမ်မှာ တီးကြ၊ မှုတ်ကြတာပေါ့။ အဲ့ဒီနားက ဦးတော်လုံက လေမှုတ်တူရိယာနဲ့ တီးကြ၊ မှုတ်ကြဆိုပြီး ငွေ ၁၀၀၀ ထုတ်ပေးတယ်။ နန်းတော်ရှေ့ဆရာတင်ရေးတဲ့ သီချင်းထဲမှာ ဦးတော်လုံ ဥက္ကဋ္ဌဆိုပြီး စပ်ဆိုထားပါတယ်။ မြို့မရဲ့ ပထမဆုံးဥက္ကဋ္ဌက ဦးတော်လုံပဲ။ ဒီလိုတီးကြ၊ မှုတ်ကြရင်း နာမည်ရွေးကြတော့ မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းဖြစ်လာတယ်'ဟု အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောသည်။

၁၉၇၅ ခုနှစ်တွင် မြို့မအသင်း ရွှေရတုအထိမ်းအမှတ်အဖြစ် မန္တလေးပန်းတျာ လဟာပြင်ဇာတ်ရုံတွင် ကျင်းပခဲ့ရာ ရန်ကုန်မှ ရုပ်ရှင်မင်းသား (ဦး)ဝင်းဦးနှင့် အပေါင်းအသင်းများ၊ လူရွှင်တော်ကြီးများဖြစ်သည့် (ဦး)စံမတူ၊ (ဦး)ပလာတာ၊ (ဦး)သော်တာ၊ (ဦး)ရွှေရိုးတို့နှင့် မိုးကုတ်မြို့မအသင်းတို့က လာရောက်ပြီး ကူညီပေးကြသည်။ ရွှေရတု၊ စိန်ရတုပွဲတော်များ ကျင်းပခဲ့ရာ ဂီတနယ်ပယ်အသီးသီးနှင့်အတူ မြို့သူ၊ မြို့သားများ ပါဝင်ပြီး ခမ်းနားစွာ ကျင်းပသကဲ့သို့ ယခု ၂၀၂၅ ခုနှစ်တွင် ရာပြည့်သဘင် ကျင်းပခြင်း ဖြစ်သည်။

မြို့မဟုဆိုလျှင် သင်္ကြန်သီချင်းများနှင့် တွဲယှဉ်တွဲလျက်သိကြသည်။ မြန်မာနှစ်ကူး သင်္ကြန်ပွဲတော်တွင် နိုင်ငံနှင့်အဝန်း မြို့မတေးသီချင်းများက နှစ်စဉ်နှစ်တိုင်း စိုးမိုးလျက်ရှိသည်။ မြို့မနှင့် ဝင်းဦး(ရုပ်ရှင်မင်းသားနှင့် အဆိုတော်) မြို့မနှင့် ဇော်ဝမ်း(ရုပ်ရှင်မင်းသားနှင့် အဆိုတော်)တို့သည်လည်း မြို့မနှင့် တွဲယှဉ်တွဲခဲ့ကြသဖြင့် သင်္ကြန်မင်းသားများဟု အသိအမှတ်ပြုထားကြသည်။ သင်္ကြန်ရောက်လျှင် မြို့မသင်္ကေတ ငွေငန်းကြီးက ပျံဝဲလာလေ့ရှိသဖြင့် မြို့မနှင့် သင်္ကြန်သည်ခွဲခြားမရဟု အသိအမှတ်ပြုကြလေသည်။

ထို့အပြင် မြို့မအသင်း၏ တေးရေးဆရာများဖြစ်သည့် မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်၊ ဦးဘသိန်း၊ ဆရာ ဦးဝင်းဖေ၊ မြို့မ ဆရာပေါတို့ရဲ့ တေးသီချင်းများသည် ဂန္ထဝင်မြောက် တေးသီချင်းများဖြစ်သကဲ့သို့ ယနေ့တိုင် ခေတ်မီနေဆဲ၊ လူတိုင်းပါးစပ်ဖျားနှင့် ဂီတနားထဲတွင် သာယာချိုမြိန်ရှိနေဆဲဖြစ်သည့်အတွက် နှစ် (၁၀၀)ပြည့်သည့်တိုင် နုပျိုလန်းဆန်း၍ ရှင်သန်နေဆဲဖြစ်သည်။ မြို့မအသင်းသည်လည်း ခိုင်မာတည်ရှိနေဆဲဟု ဆိုချင်ပါတော့သည်။

ခိုင်ဆက်ဝေ

# စက်မှုထိပ်သီးခေါင်းဆောင်များ၏ ကြေညာချက်နှင့်အတူ ဂျီ ၂၀ အစည်းအဝေး ရုပ်သိမ်း

**ဂျိုဟန်နက်စ်ဘတ် နိုဝင်ဘာ ၂၄**

အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ၏ ကြေညာချက်ကို အတည်ပြုပြီးနောက် တောင်အာဖရိကနိုင်ငံ၌ ကျင်းပခဲ့သည့် စက်မှုထိပ်သီးနိုင်ငံ ၂၀ အဖွဲ့ (ဂျီ ၂၀) ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်တွင် အဆုံးသတ်ခဲ့သည်။ ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မတက်ရောက်ခဲ့သော်လည်း အဆိုပါကြေညာချက်ကို အိမ်ဖြူတော်က ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည်။

ဂျီ ၂၀ ဥက္ကဋ္ဌဖြစ်သည့် တောင်အာဖရိကသမ္မတ ဆိုက်ရေး ရာမာဖိုဆာက အာဖရိကတွင် ပထမဆုံး ကျင်းပခဲ့သည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေး၏ အရေးပါမှုကို သတိပြုမိကြောင်းနှင့် အာဖရိက တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုကို ထိပ်သီးအစည်းအဝေး၏ ဆွေးနွေးမှုအစီအစဉ်တွင် ဗဟိုချက်အဖြစ် ထားရှိရန် ကြိုးပမ်းခဲ့သည်ဟု ပြောကြားခဲ့သည်။

ဂျီ ၂၀ ထိပ်သီးဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်သူများက ဝင်ငွေနည်းနိုင်ငံများအတွက် ကြွေးမြီစဉ်ဆက်မပြတ်ရရှိရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါသည့်သတ္တုများ တိုးချဲ့ထုတ်လုပ်ရေးတို့အတွက် ပံ့ပိုးပေးရေးအပါအဝင် အခြားကိစ္စများကို ရည်ညွှန်းသည့် ဂျီ ၂၀ ခေါင်းဆောင်များ၏ ကြေညာချက်ကို အတည်ပြုခဲ့သည်။ ယခုတစ်ကြိမ် ကျင်းပခဲ့သည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို အမေရိကန်နိုင်ငံက မတက်ရောက်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုသည် လာမည့်နှစ်တွင် ကျင်းပမည့် ဂျီ ၂၀ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

အမေရိကန်၏ ကန့်ကွက်မှုများ ရှိနေသော်လည်း တောင်အာဖရိကသည် ဂျီ ၂၀ ဥက္ကဋ္ဌ ရာထူးကို အသုံးပြုပြီး ဂျီ ၂၀ ခေါင်းဆောင်များ၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်ဟု အိမ်ဖြူတော်က ပြောသည်။

အင်န်အိတ်ချ်ကေ



## တာဂျစ်ကစ္စတန်မှ စိုက်ပျိုးရေး ထွက်ကုန်များ တင်သွင်းမှုကို တရုတ်နိုင်ငံက လက်ခံမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီပြောကြား



**ဒူရှန်ဘေ နိုဝင်ဘာ ၂၄**

တရုတ်နိုင်ငံသည် တာဂျစ်ကစ္စတန်နိုင်ငံမှ အရည်အသွေးမြင့် စိုက်ပျိုးရေးထွက်ကုန်များကို တိုးချဲ့တင်သွင်းမည်ဖြစ်ပြီး တရုတ်ကုမ္ပဏီများက ကုန်းတွင်းပိတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းအားပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက မြို့တော်ဒူရှန်ဘေသို့ အလည်အပတ်ခရီးစဉ်အတွင်း ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၂၂ ရက်နေ့ောင်းပိုင်းတွင် ထုတ်ပြန်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၎င်း၏ တာဂျစ်ကစ္စတန်နိုင်ငံခြားရေးဝန်ကြီး စီရိုဂျစ်ဒင်မူရစ်ဒင်ကို တရုတ်သည် တာဂျစ်ကစ္စတန်အတွက် ယုံကြည်စိတ်ချရပြီး အားကိုးထိုက်သော မိတ်ဖက်အဖြစ် ဆက်လက်တည်ရှိနေမည်ဟု ဝမ်ကပြောကြားသည်။

ဝမ်သည် ထိုင်ဝမ်ကဲ့သို့သော တရုတ်နိုင်ငံ၏ အဓိက အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များတွင် တာဂျစ်ကစ္စတန်၏ ခိုင်မာသော ထောက်ခံမှုအတွက် ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်သည် ဂျပန်ရှိ လက်ယာစွန်း အဖွဲ့အစည်းများကို သမိုင်းကြောင်းကို နောက်ပြန်လှည့်ရန် မည်သည့်အခါမျှ ခွင့်ပြုမည်မဟုတ်သလို၊ ထိုင်ဝမ်တွင် ပြင်ပအင်အားစုများ ဝင်ရောက်စွက်ဖက်ခြင်းကို ခွင့်ပြုမည်မဟုတ်ပါ၊ ဂျပန်စစ်ဝါဒ ပြန်လည်ပေါ်ပေါက်လာရန် မည်သည့်အခါမျှ ခွင့်ပြုမည်မဟုတ်ပါဟု ထုတ်ပြန်ချက်က ဆိုသည်။ တရုတ်သည် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ခိုင်မာသည့် ရပ်တည်ချက်ကို ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဒင်နီလို ရပ်ဗူရီရှန် အထက်တန်းအဆင့် ဆူမိုပြိုင်ပွဲတွင် ချန်ပီယံဆုရရှိ

**တိုကျို နိုဝင်ဘာ ၂၄**

ဒင်နီလို ရပ်ဗူရီရှန်သည် ပထမဆုံးသော အထက်တန်းအဆင့် ဆူမိုပြိုင်ပွဲကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

၎င်းသည် ဆူမိုလောကတွင် အိုနိုရှိကီအမည်ဖြင့် လူသိများပြီး အသက် ၁၈ နှစ်သားဖြင့် ဂျပန်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

ယခု အသက် ၂၁ နှစ်ရှိပြီဖြစ်သော ၎င်းသည် တန်ဖိုးရှိသော ဧကရာဇ်ဖလားကို ဆွတ်ခူးခဲ့သည့် ပထမဆုံး ယူကရိန်းလူမျိုး ဖြစ်ပြီး ထိုသို့ ဆွတ်ခူးခဲ့သည့် ပထမဆုံး ဥရောပတိုက်သားသည် ရှစ်နှစ်နီးပါးအတွင်း ပထမဆုံးဖြစ်သည်။

၎င်းသည် ယခုအခါတွင် သမိုင်းတစ်လျှောက် အလျင်မြန်ဆုံး ရာထူးတိုးမြှင့်မှုဖြစ်လာမည့် ဒုတိယအမြင့်ဆုံး စူမိုရာထူးဖြစ်သော အိုဇက်ကီအဆင့်သို့ တိုးမြှင့်ခံရမည့် အခြေအနေသို့ ရောက်ရှိနေသည်။

အိုနိုရှိကီသည် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပသော ၁၅ ရက်ကြာ ပြိုင်ပွဲကို ၁၂ ပွဲနိုင်၊ သုံးပွဲရှုံးစံချိန်ဖြင့် အပြီးသတ်ခဲ့ပြီးယခင်လက လန်ဒန်ပြိုင်ပွဲကို အနိုင်ရခဲ့သည့် ၂၆ နှစ်အရွယ် မွန်ဂိုလီးယားလူမျိုး ဂရန်းချန်ပီယံ ယိုကိုဇူနာ ဟိုရှိုရူကို ဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



## တရုတ်ပြည် အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်တွင် မြန်နှုန်းမြင့်ရထားလမ်းအသစ် ဖွင့်လှစ်ရန်စီစဉ်ထား



**ပေကျင်း နိုဝင်ဘာ ၂၄**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ကွေ့ကျိုးပြည်နယ်တွင် နိုဝင်ဘာလကုန်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည့် မြန်နှုန်းမြင့်ရထားလမ်းအသစ်သည် ပြည်နယ်အတွင်းရှိ မြို့အဆင့် အုပ်ချုပ်ရေးဒေသအားလုံးကို နိုင်ငံတော် မြန်နှုန်းမြင့်ရထားကွန်ရက်သို့ ချိတ်ဆက်ပေးမည်ဖြစ်ပြီး ဒေသတွင်း ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပန်ကျိုးနှင့် ရှိန်ယီအကြား ဆက်သွယ်ထားသော ၉၉ ကီလိုမီတာ ရှည်လျားသည့် ထိုရထားလမ်းကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ နှုန်းဖြင့် မောင်းနှင်ရန် ဒီဇိုင်းထုတ်ထားသည့် ဤရထားလမ်းသည် လက်ရှိ ရှန်ဟိုင်း-ကူမင်း မြန်နှုန်းမြင့်ရထားလမ်းနှင့် T ပုံစံလမ်းဆုံတစ်ခုကို ဖန်တီးပေးမည်ဖြစ်ပြီး ကျန့်ရှီနန် ပူရီနှင့် မျောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၏ မြို့တော်ဖြစ်သော ရှိန်ယီအား မြန်နှုန်းမြင့် ရထားလမ်းမြေပုံပေါ်သို့ ရောက်ရှိစေမည် ဖြစ်သည်။

ကွေ့ကျိုးပြည်နယ်၏ ထူးခြားသော သဘာဝရှုခင်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုများသည် ၎င်းကို ရေပန်းစားသော ခရီးသွားနေရာတစ်ခုဖြစ်စေခဲ့သည်။

သို့သော် တောင်ပေါ်လမ်းများသည် သွားလာရေးအကန့်အသတ်ရှိပြီး ဧည့်သည်များသည် ပြည်နယ်မြို့တော် ကွေ့ယန်မှတစ်ဆင့် ပြောင်းရွှေ့စီးနင်းရလေ့ရှိသည်။

ဒီရထားလမ်း ဖွင့်လှစ်ခြင်းဟာ ရှိန်ယီကို နိုင်ငံတော် မြန်နှုန်းမြင့် ကွန်ရက်ထဲသို့ အပြည့်အဝပေါင်းစည်းလိုက်ခြင်းကို ပြသနေပြီး ရှိန်ယီရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကောင်းတဲ့ တွန်းအားကို ထိုးသွင်းပေးသည်ဟု ရှိန်ယီမြို့တော်ဝန်၏ ဒုတိယအကြီးအကဲ ကျိုးယင်က ပြောကြားသည်။

အဆိုပါလမ်းပိုင်းအသစ်သည် ရှိန်ယီနှင့် ကွေ့ယန်အကြား ခရီးသွားလာချိန်ကို နှစ်နာရီခန့်အထိ လျှော့ချပေးမည်ဖြစ်ပြီး ဒေသတွင်း ခရီးသွားကဏ္ဍအတွက် တိုးတက်မှုအခွင့်အလမ်းအသစ်များကို ဖန်တီးပေးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ကနေဒါနှင့် အိန္ဒိယအစိုးရနှစ်ပွဲ့ အကြားသဘောတူညီ

**ဒေလီ နိုဝင်ဘာ ၂၄**

နှစ်နိုင်ငံအကြား သံတမန်ရေးရာ အငြင်းပွားမှုဖြစ်ပွားပြီးနောက် နှစ်နှစ်အကြာတွင် ရပ်



ဆိုင်းထားသည့် ကုန်သွယ်ရေးသဘောတူညီချက်အသစ်အတွက် ဆွေးနွေးပွဲများကို ကနေဒါနှင့် အိန္ဒိယတို့သည် ပြန်လည်စတင်ရန် သဘောတူခဲ့ကြကြောင်း အိန္ဒိယအစိုးရက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ် မာ့ခ်ကာနီသည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘာ့ဂ်မြို့၌ ကျင်းပသော ဂျီ ၂၀ ထိပ်သီးညီလာခံ အရန်အစည်းအဝေးတွင် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် နှစ်နိုင်ငံဆွေးနွေးပွဲအတွက် တွေ့ဆုံခဲ့သည်။

ခေါင်းဆောင်များသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် နှစ်နိုင်ငံကုန်သွယ်ရေးပမာဏကို အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ အထိ နှစ်ဆတိုးရန် ရည်ရွယ်သည့် ရည်မှန်းချက်ကြီးသော ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးမှုများစတင်ရန် သဘောတူညီခဲ့ကြသည်ဟု အိန္ဒိယဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ် နာရင်ဒရာမိုဒီနဲ့ ကျွန်တော်တို့ ဒီနေ့ ဂျီ ၂၀ ထိပ်သီးအစည်းအဝေးမှာ တွေ့ဆုံခဲ့ပြီး ကျွန်တော်တို့ရဲ့ ကုန်သွယ်ရေးကို နှစ်ဆကျော်အထိ၊ အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ကျော်အထိ တိုးမြှင့်နိုင်မယ့် ကုန်သွယ်ရေးသဘောတူညီချက်အတွက် ညှိနှိုင်းမှုတွေကို စတင်ခဲ့သည်ဟု ကာနီက အိတ်ခ်စ်လူမှုကွန်ရက်တွင် တင်ခဲ့သည့် ပို့စ်တစ်ခု၌ ပြောကြားခဲ့သည်။

အိန္ဒိယသည် ကမ္ဘာ့ပဉ္စမမြောက် အကြီးဆုံးစီးပွားရေးဖြစ်ပြီး ယင်းမှာ ကနေဒါအလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသော အခွင့်အလမ်းအသစ်များ ရှိသည်ဟု အဓိပ္ပာယ်ရသည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# ပြည်ကြီးတံခွန်မြို့နယ်၌ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်



**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးဆောင်၍ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းရှိ အောင်တံခွန်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ သင်တန်းတွင် မန္တလေးခရိုင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်(၁) ဦးသန်းကြွယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က သတင်းမီဒီယာများ၏ အခန်းကဏ္ဍနှင့် သတင်းမီဒီယာဥပဒေများအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်ဥပဒေအရာရှိ ဦးရန်လင်းအောင်က လွှတ်တော်နည်းဥပဒေအကြောင်းများ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ရွေးကောက်ပွဲအဖွဲ့ဝင်(၁)က ရပ်ကျေးကော်မရှင်လုပ်ငန်းလမ်းညွှန်အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲအရာရှိ ဦးမင်းစိုးနိုင်က ရွေးကောက်ပွဲစနစ်အကြောင်း၊ မဲပေးစက်တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ စက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ မဲရလဒ်စာရင်းပြုစုပုံနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များအား သင်တန်းသား၊ သင်တန်းသူများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မန္တလေးခရိုင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(၁) နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲအရာရှိနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

# အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**အောင်လံ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် အ.ထ.က (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးမာလာခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယပိုင်း အစီအစဉ်အရ Grade-11 မှ မောင်ဇေယျာငြိမ်းလင်းက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အားလည်းကောင်း၊ လူငယ်နှင့်သတ္တိအား Grade-10 မှ မဇာခြည်ညွှန့်ဝေကလည်းကောင်း၊ လူငယ်နှင့် ကြီးပွားရေးအား Grade-10 မှ မောင်မင်းသန့်အာကာဇော်ကလည်းကောင်း၊ လူငယ်နှင့်ယဉ်ကျေးမှုအား Grade-11 မှ မဆုမြတ်ရွှေရည်ကလည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်သူများက ပြန်လည်ဖြေကြား ပေးခဲ့သည်။

ဆက်လက်၍ ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အာကာ(ပြန်/ဆက်)**

# ဘွဲ့ကြို(ပထမနှစ်) မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူများအား လှိုက်လှဲနွေးထွေးစွာကြိုဆို

**ကျောက်ဆည် နိုဝင်ဘာ ၂၄**

နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဘွဲ့ကြို(ပထမနှစ်) တက်ရောက်လာသည့် မောင်မယ်သစ်လွင် ကျောင်းသား ၂၂၅ ဦးနှင့် ကျောင်းသူ ၁၅၈ ဦး၊ စုစုပေါင်း ၃၈၃ ဦးတို့ကို ပါမောက္ခချုပ်(တာဝန်)နှင့် ဒုတိယပါမောက္ခချုပ်၊ ပညာရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ ဦးဆောင်ပြီး နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက D1, D2 စာသင်ခန်းများတွင် လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုခဲ့သည်။

ကြိုဆိုပွဲတွင် တက္ကသိုလ် ပညာရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးချင်းစီမှ နွေးထွေးစွာကြိုဆိုခဲ့ကြပြီး မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက် နည်းပညာဌာန၊ မက္ကာထရောနစ်အင်ဂျင်နီယာဌာန၊ သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံဌာန၊ ဓာတုကလီးယားနည်းပညာဌာန၊ နျူကလီးယားနည်းပညာဌာန၊ ဇီဝနည်းပညာဌာန ကိုးခုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနမှူးများမှ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀-၀-၀



## ကောက်ရိတ်သိမ်းပွဲ

* လပေါင်းများစွာ
ရှောင်ခွာထွက်ပြေး
ဝေးနေတဲ့ ဆောင်း ။

* ပန်းငုံ ပန်းပွင့်
လန်းစွင့် ဖူးဝေ
ဝန်းကျင်တစ်ခုလုံး
မြရည်ဖုံးကာ
အလုပြာလျက်
ရောက်လာခဲ့တဲ့ ဆောင်း ။

* စောင်ဖြူစောင်ကျား
ထွေးမနေအားဘဲ
ရေနွေးတစ်ကျိုက်
ဆေးတစ်ရှိုက်နှင့်
မိုးသောက်ရောင်နီ
မလာမီ ။

* မနက်ခင်းဝယ်
ဖျို့ ဟစ်သံနှင့်
ဆူညံဖောက်ထွင်း
တေးသီချင်းနဲ့
ဖွဲ့ဆိုကာတေး
အားသစ်မွေးကာ
ကောက်ရိတ်သိမ်းပွဲ
ဒို့ဆင်နွှဲ ။

* တစ်ခဏတွင်း
နေမင်းကြီးလည်း
လောကတခို
ကြိုဆိုနှုတ်ဆက်
နှင်းစက်တွေကြား
ဝင်းလက်သွားပေါ့ ။

* ရောင်နီပျိုးရောက်
နှင်းဖျောက်တွေကြား
စုပေါင်းအားဖြင့်
ကောက်ရိတ်သိမ်းပွဲ
ပြီးပြီတကား ။ ။

**ကျော်ကြီး(ကချင်မြေ)**

# သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲပြုလုပ်

**ကျိုင်းတုံ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ဦး၊ တောအုပ်ကြီး ဦးကျော်သက်အောင်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုင်းဝေယံထွန်းတို့က သစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာများ၊ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများ၊ နယ်စပ်ဒေသဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းထိန်းချုပ်ရေးနှင့် တောမီးထိန်းချုပ်ရေး ဆိုင်ရာနည်းလမ်းများ၊ တောမီးလောင်ကျွမ်းမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ဒုရင်ဗိုလ်တိုက်နယ်အတွင်းရှိ မဲရုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ကသစ်ကန်နယ်မြေ မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မဲရုံတာဝန်ရှိသူများနှင့် ပူးပေါင်း၍ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိစေရေး အကြံပြုပြောကြားပြီး အရေးပေါ်မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စနစ်တကျအသုံးပြု၍ မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မျိုးသိန်း(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**မိုးကောင်း နိုဝင်ဘာ ၂၄**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မိုးကောင်းတံတားထိပ်၌ မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဟိုပင်မြို့မှ မြစ်ကြီးနားမြို့ဘက်သို့ မိုးကောင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာနေ အောင်အောင်(၃၀)နှစ် မောင်းနှင်လာသည့် TOYOTA CR-OWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်အောင် ဆိုသူအား မိုးကောင်းမြို့မ ရဲစခန်းတွင်လည်းကောင်း၊ အလားတူ နံနက် ၇ နာရီခွဲတွင် မိုးကောင်းမြို့နယ်၊ (၃)မိုင်လမ်းဆုံ၌ မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် (၈)မိုင်ကျေးရွာမှ မိုးကောင်းမြို့ဘက်သို့ မိုးကောင်းမြို့နယ်၊ မီးသွေးကုန်းကျေးရွာနေ မင်းထွန်း(၂၆)နှစ် ဆိုသူ မောင်းနှင်လာသည့် TOYOTA LANDCRUISER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မင်းထွန်း ဆိုသူအား မိုးကောင်းမြို့မရဲစခန်းတွင်လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက်တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် ရတနာပုံတံတား(နှာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင်ပရီမီယမ်ဂါလန် ၄၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ဦးအောင်အောင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်နေ အောင်အောင်(ခ)ဟာဒွန်ရှစ်အား မွန်းလွဲ ၁ နာရီတွင် ရွှေဘိုမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၉၉ မိုင် ၅ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးမှ ရန်ကုန်ဘက်သို့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ တံပိုးကျေးရွာနေ အောင်နိုင်ထွန်း(၂၇)နှစ်ဆိုသူ မောင်းနှင်ပြီး အမျိုးသားနှစ်ဦး လိုက်ပါလာသော IZONE ခရီးသည်တင် မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းတံတားပေါင်အား ဝင်တိုက်မိခဲ့သဖြင့် အောင်နိုင်ထွန်းနှင့် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဖိုစွတ်ကျေးရွာနေ ဦးဇော်ဂျီ(၄၃)နှစ်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဆင်ပေါင်ဝဲမြို့နယ်နေ ဆန်းမင်းအောင်(၂၀)နှစ်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သောကြောင့် အောင်နိုင်ထွန်း ဆိုသူအား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်နံပါတ်(၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးဂွမ်ဒတ် အမည်ပေါက် ဂရန်မြေကွက်၏အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲကျော်သူ(ဘ)ဦးလှထွန်း(၅/ဖပန(နိုင်)၀၄၀၂၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၂)၊ ဦးပိုင်နံပါတ်(၄၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်ထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်ခဲ့သူ (ခင်ပွန်း) ဦးခင်ထွန်း ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိ အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး) ဒေါ်တင်တင်(ဘ)ဦးစိန်(၉/မရမ(နိုင်)၀၁၂၄၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဦးကြည်ယံ (LL.M) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၇)၊ ဦးပိုင်နံပါတ်(၄၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိုးသူဇာဝင်း(ဘ)ဦးမောင်ဝ(၁/မကတ(နိုင်)၀၂၅၆၉၂) [၎င်း၏ကိုယ်စား ခင်ပွန်းဖြစ်သူ ဦးဇော်လှိုင်(ဘ)ဦးတင်အေး(၁၃/ရစန(နိုင်)၀၄၁၂၁၆)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဦးကြည်ယံ (LL.M) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်နံပါတ်(၆၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးစံလှ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်ပိုင်း (၂၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရွှေရွှေလွင်(ဘ)ဦးမြင့်စိုး(၉/ခမစ(နိုင်)၀၁၃၇၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ပျောက်ဆုံးကြောင်း

မခိုင်လဲ့လဲ့မြင့်(ဘ)ဦးတင်မောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(နိုင်)၀၆၄၄၃၄)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

မခိုင်လဲ့လဲ့မြင့်

(ဖုန်း ၀၉-၇၅၉၄၃၁၄၈၇)

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၃၆)၊ ဦးပိုင်အမှတ်(၂၂-က+၂၂-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်ချိုချိုမွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဆလက(နိုင်)၀၂၁၄၉၀)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၃)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးသောင်းပို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ × ပေ၄၀)နှင့် တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း (၁၅ ပေ×ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသိန်းစိုးဦး(ဘ)ဦးသောင်းစိန်(၉/တသန(နိုင်)၀၉၇၀၉၄)နှင့် ဒေါ်သန်းစိုးထွေး(ဘ)ဦးသောင်းစိန်(၉/တသန(နိုင်)၁၇၇၀၂၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးဝင်းမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း(၁၀ပေ× ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဦး(ဘ)ဦးကံစိန်(၉/နထက(နိုင်)၁၀၈၁၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)ဦးပိုင်အမှတ်(၉၆-ခ)၊ ဧရိယာ (၁၅ပေ×ပေ၄၀)ဧက အကျယ်အဝန်းရှိ ဦးငွေး အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အုံ(ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်စန်းစန်းငွေး(ဘ)ဦးဟန်မြင့်(၅/ကနန(နိုင်)၀၀၀၃၆၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ကျော့ကျော့နိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်(ပ-၂)၊ ဦးပိုင်အမှတ်(၃၂)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်မာချို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၇၀၇၃၀)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(မ-၃၁)၊ ဦးပိုင်အမှတ်(၅-က)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းစံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကဟန(နိုင်)၀၃၃၁၈၆)က SS (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊အကွက်(၅၃၂)၊ ဦးပိုင်အမှတ်(၂+၄-ခ)၊မြေကွက်ပေါ်တွင် ဒေါ်စန္ဒာလှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၀၅၉၃၆၅)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊
အဆောက်အအုံနှင့်ကုန်ရုံဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္စော်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၁၇+၁၈)ခဲစင်း၊ ၇၄လမ်းပေါ်၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဆုံကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၆၀/၁၉၉၉)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်တင်လှထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၀၇၈/၁၉၉၉)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးကိုလေး(၉/မရမ(နိုင်)၀၃၃၉၈၆)၊ ဒေါ်အေးမြင့်(၉/မရမ(နိုင်)၀၃၃၉၈၈)တို့၏ ဂရန်ပျောက်၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး ကန့်ကွက်နိုင်ကြောင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဂရန်အမှုတွဲအမှတ် ၉၅၁စီ၊ ၁၉၃၉-၁၉၄၀အရ ထုတ်ပေးထားသော မောင်ဆုံအမည်ပေါက် ဂရန်စာချုပ်အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ်(၈၆/ဂ)၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဦးသိန်းဦးအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးစိုင်းအိုက်ပီးက တရားပြိုင် ဦးသိန်းဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၆၂/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးစိုင်းအိုက်ပီး(၁၃/နခန(နိုင်)၀၆၆၀၁၈)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ပျောက်ဆုံးကြောင်း

မောင်သိန်းထက်အောင်(ဘ)ဦးအောင်သန်းဌေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၅၈၁၈၂)ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မောင်သိန်းထက်အောင် ဖုန်း ၀၉-၄၄၂၂၂၂၄၆၀**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၂)၊ ဦးပိုင်အမှတ်(၆၇)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ဝင်း(၅/မရန(နိုင်)၀၃၉၂၉၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၁၇၄/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရင်ပေါင်ကျော်(၁၃/လရန(နိုင်)၀၆၃၄၆၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၃)၊ ဦးပိုင်အမှတ်(၉၁)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၀၃၂/၁၉၉၁-၁၉၉၂)အရ ဦးထွန်းမြင့်ရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၆၈၆၀၄)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးအောင်ပြည့်ဖြိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(နိုင်)၀၃၃၃၅၇)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြင့်ကြည်(၁/မကတ(နိုင်)၀၁၂၉၂၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၀၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမိုးသက်(၉/ခမစ(နိုင်)၀၄၃၉၉၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၉၁)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နိုင်ဂျို(၁၃/လရန(နိုင်)၀၇၆၅၁၃)၊ (ကေကေအိုင်-၀၈၁၅၀၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၆၈/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှ(၁၃/တကန(နိုင်)၀၀၃၆၉၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၉၂)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နိုင်ဂျို(၁၃/လရန(နိုင်)၀၇၆၅၁၃)၊ (ကေကေအိုင်-၀၈၁၅၀၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၆၉/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှ(၁၃/တကန(နိုင်)၀၀၃၆၉၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၁၀၅)၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းဒင်(၉/မရတ(နိုင်)၀၇၆၉၄၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၀၁၂/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နိုင်နိုင်မင်း(၉/မနမ(နိုင်)၁၀၈၀၁၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၄၈)၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒု-အရာခံဗိုလ်အေးမောင်(၉/မမန(နိုင်)၀၀၆၄၂၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၆၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းကျင်နိုင်(၁၃/လရန(နိုင်)၀၇၃၇၀၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၀၇)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးထန်ရှောက်ရှင်(၉/မရမ(နိုင်)၀၇၈၀၉၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၇၀/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှ(၁၃/တကန(နိုင်)၀၀၃၆၉၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၀၈)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးထန်ရှောက်ရှင်(၉/မရမ(နိုင်)၀၇၈၀၉၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၇၀/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှ(၁၃/တကန(နိုင်)၀၀၃၆၉၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၀)၊ ဦးပိုင်အမှတ်(၁၀)ခဲစင်းအရှေ့ခြမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊၄၂လမ်းနှင့် ၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်စိန်(၉/မရမ(နိုင်)၀၆၉၇၁၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၅၂၆/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှဝင်းချင်(၁၃/ကလတ(နိုင်)၀၄၂၅၆၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၂၃)ခဲစင်းနောက်ခြမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၅၇(A)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စောအုံးတင့်(၉/ခအဇ(နိုင်)၀၀၃၇၆၄)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၆)၊ ဦးပိုင်အမှတ်(၄၀-ဓ)၊၇၃လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးထွန်းဝင်း(ခ)ရန်ကြီး(၁၂/လသန(နိုင်)၀၁၇၄၉၀)က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၂၉)၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သောင်း(၉/မနမ(နိုင်)၀၂၂၈၆၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၁၈/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယဉ်မြ(ခ)ဝင်းတင်၊ (ဘီဝိုင်-၀၀၅၉၂၅)၊ (၁၂/မဂဒ(နိုင်)၀၅၀၃၈၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၆)၊ ဦးပိုင်အမှတ်(၄၃)၊ ၇၅လမ်းမျက်နှာပြု၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (မိခင်)ဒေါ်သိန်းတင်(၉/မရတ(နိုင်)၀၆၈၆၅၆)မှ သမီးတစ်ဦးဖြစ်သူ ဒေါ်နိုင်နိုင်ဝင်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၃)၊ ဦးပိုင်အမှတ်(၁-ဈ)၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၆၄လမ်းနှင့် ၆၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာအထွန်း(၁၂/လမတ(နိုင်)၀၁၇၄၃၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၉)၊ ဦးပိုင်အမှတ်(၄၃-က)၊ ၈၃လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မြင့်စိန်(ခ)တင်တင်နု(၉/မရမ(နိုင်)၀၈၀၉၁၇)၊ ဒေါ်နုနုလင်း(၉/ခအဇ(နိုင်)၀၀၀၄၁၄)တို့က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ်(၁၈၉-ဓ)၊ ၅၈လမ်းနှင့် လမ်း၆၀ကြား၊ ၂၆လမ်းနှင့် ၂၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဂျာနန်း(၉/ပသက(နိုင်)၀၀၉၅၃၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ ဒီမိုကရေစီစနစ်ဟူသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ ဆန္ဒကိုလည်း အလေးထားရန် ...

❖ မိမိနှင့်အယူအဆမကိုက်ညီသူများကို ရန်သူလိုသဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှု မရှိသည့်အရာဖြစ်...

❖ ဖက်ဒရယ်စနစ်ဟူသည်မှာလည်း လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်အာဏာများကို မျှဝေခံစားစေခြင်းဖြစ်ပြီး ၎င်းအနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်...

( ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မျိုးဆက်သစ်ဝံသာနုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၄

မျိုးဆက်သစ်ဝံသာနုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## ယနေ့ ဖတ်စရာအညွှန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ
စာမျက်နှာ ၂

၂၀၂၅ မေဂျာလိဂ်ပြိုင်ပွဲ အရှေ့ပိုင်းဇုန် ဗိုလ်လုပွဲအဆင့်သို့ အင်တာမိုင်ယာမီအသင်း တက်ရောက်
စာမျက်နှာ ၁၁

မြို့မ အပျော်တမ်းတူရိယာအသင်း၏ ခမ်းနားပျော်ရွှင်ရာပြည့်သဘင်
စာမျက်နှာ ၁၃

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၂၈ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၀၁ ဦး ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု စာမျက်နှာ ၁၀ သို့ ■



# ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲတွင် မြန်မာအသင်းက နီပေါအသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) ဒုတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီ က ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နီပေါအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲစဉ်တွင် အိမ်ရှင်ပီပီ နီပေါအသင်းအား အကောင်းဆုံးယှဉ်ပြိုင်ကစားပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၁၃မိနစ်တွင် ရဲနိုင်အောင်၊ ပွဲချိန် ၆၈မိနစ်တွင် အောင်သီဟ၊ ပွဲချိန် မိနစ် ၈၀တွင် မျိုးခန့်ကျော်၊ ပွဲချိန် ၈၂မိနစ်တွင် ဝင်းမင်းသန့်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု (ဆ)တွင် အာဖဂန်နစ္စတန်၊ အိုမန်၊ ဆီးရီးယား၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး နိုင်ပွဲရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) တတိယပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၈ ရက်တွင် အိုမန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)